# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ကုသိုလ်ကောင်းမှု လျင်မြန်စွာပြု**

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နှံ့နှေးတတ်ရကား မကောင်းမှုမှ စိတ်ကိုတားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာပြုလုပ်ရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒပေါ်လာလျှင် အဆောတလျင် ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၆)


၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၃ ရက် | ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာ ၅ ရက်၊ စနေနေ့ | အတွဲ (၆၂)၊ အမှတ် (၁၃၆)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ရေနက်ဆိပ်ကမ်းစီမံကိန်းလျာထားမှုများ သွားရောက်ကြည့်ရှုစစ်ဆေး

## ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်းသည် နိုင်ငံအတွက် အကျိုးရှိမည့် စီမံကိန်းတစ်ခုဖြစ်သကဲ့သို့ နိုင်ငံတကာအတွက်လည်း အထောက်အကူဖြစ်




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ရေနက်ဆိပ်ကမ်းစီမံကိန်း လျာထားသည့်နေရာများ ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် နိုဝင်ဘာ ၄**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယ ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင် Jeng Phang နော်တောင်၊ ပြည်ထောင်စုဝန်ကြီးများ၊ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကို၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စောသန်းလှိုင်နှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ အနောက်မြောက်ဘက် ၁၇ မိုင်ခန့်အကွာ နဘူးလယ်ဒေသရှိ ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ရေနက်ဆိပ်ကမ်း စီမံကိန်းလျာထားမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

*စာမျက်နှာ ၆ ကော်လံ ၁ ✻*


**ယနေ့ ဖတ်စရာ**

**ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေရယူထားသူများအနေဖြင့် ချေးငွေကာလ သက်တမ်း (၂) နှစ် စေ့ရောက်သည့်နေ့မှစ၍ နောက်ထပ် (၁) နှစ် ထပ်မံ သက်တမ်းတိုးမြှင့်ပေးပါကြောင်း အသိပေးကြေညာ** — ပြည်တွင်းသတင်း | စာ - ၁၂

**သီရိလင်္ကာတွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ လိုအပ်နေသည့် လူဦးရေ ၅ ဒသမ ၇ သန်းရှိ** — နိုင်ငံတကာသတင်း | စာ - ၁၃

**သာမညဖလသုတ်တော်ဖြစ်တည်ရာမှ ရရှိသောအကျိုးတရား၊ ထုတ်နုတ်အပ်သော သင်ခန်းစာ** — ဆောင်းပါး | စာ - ၁၆

# အခွင့်ကောင်းနှင့် ကြုံသည့်အခိုက်

ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်တွင် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့်တကွ ပိဋကတ်သုံးပုံကျောက်စာရုံ ဓမ္မစေတီတော်များ၊ မုစလိန္ဒအိုင်၊ သုဓမ္မာဇရပ်များ၊ သာသနာ့ဗိမာန်တော်ကြီး စသည့်သာသနိကအဆောက်အအုံများစွာပါဝင်သည့် ဗုဒ္ဓဥယျာဉ်တော်ကြီးတစ်ခုကို တည်ဆောက်လျက်ရှိသည်။ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ထုဆစ်တည်ထားမှုလုပ်ငန်းများ ပြီးစီးသည့်အခါ ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည်ဖြစ်ရာ နိုင်ငံတော်၏ ကျက်သရေဆောင်၊ နေပြည်တော်မြို့တော်၏ ကျက်သရေဆောင် သာသနိကနယ်မြေကြီးတစ်ခုအဖြစ် ပေါ်ထွန်းလာမည်ဖြစ်သည်။

ယခုအခါ ပွင့်လင်းရာသီ ရောက်ရှိလာပြီဖြစ်သည့်အလျောက် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဥယျာဉ်တော်ကြီးအတွင်းရှိ သာသနိကအဆောက်အအုံများ တည်ဆောက်ပူဇော်မှုလုပ်ငန်းများ၊ စိမ်းလန်းစိုပြည်ရေး သစ်ပင်ပန်းမန်စိုက်ပျိုးမှုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိသည်။ တည်ဆောက်မှုလုပ်ငန်းများတွင် ကျောက်စာရုံစေတီတော်ပေါင်း ၇၂၀၊ သာသနာ့ဗိမာန်တော်သိမ်တော်ကြီး မုစလိန္ဒအိုင်တို့ အပါအဝင် သာသနိကအဆောက်အအုံများကို တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူကုသိုလ်ရှင် အလှူရှင်များ၏ စုပေါင်းလှူဒါန်းမှုများဖြင့် တည်ဆောက်ပူဇော်လျက်ရှိရာ အလှူငွေများ ထည့်ဝင်လှူဒါန်းကြခြင်းဖြင့် ဘုရားဒါယကာ၊ ဒါယိကာမများအဖြစ် ခံယူနိုင်ကြသည်။

“မာရ” ဟူသည် အသက်ကို စွန့်စေခြင်း၊ သေခြင်းတရားဖြစ်ပြီး မာရ်ငါးပါးတွင် ဒေဝပုတ္တမာရ်တည်းဟူသော မာရ်နတ်၊ ကိလေသမာရ် တည်းဟူသော တစ်ထောင့်ငါးရာကိလေသာ၊ အဘိသင်္ခါရမာရ် တည်းဟူသော ဘဝသစ်ဖြစ်ပေါ်လာအောင် ပြုပြင်စီမံသည့် ကံ၊ ခန္ဓမာရ်တည်းဟူသော ခန္ဓာငါးပါး၊ မစ္စုမာရ်တည်းဟူသော သေခြင်းတရားတို့ ပါဝင်၍ “မာရဝိဇယ”ဟူသည် မာရ်ငါးပါးကို အောင်မြင်ခြင်းဟူသည့် အနက်အဓိပ္ပာယ်ကို ဆောင်သည်။ ဂေါတမမြတ်စွာဘုရားအလောင်းတော်သည် မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ကဆုန်လပြည့်နေ့တွင် သဗ္ဗညုတဉာဏ်တော်ကိုရ၍ ဘုရားအဖြစ်ရောက်တော်မူခဲ့သည်။ ဘုရားအလောင်းတော်သည် မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ကဆုန်လဆန်း ၁၄ ရက် ညနေတွင် ဗောဓိပင်ရင်း၌ သောတ္တိယမြတ်ရိတ်လုလင် လှူဒါန်းသည့် မြက်ရှစ်ဆုပ်ကို ဖြန့်ခင်းရာမှ ပေါ်ထွက်လာသည့် အပရာဇိတပလ္လင်တော်တွင် ထက်ဝယ်ဖွဲ့ခွေထိုင်တော်မူပြီး “ဘုရားမဖြစ်သမျှ ဤနေရာမှ မထပြီ” ဟု အဓိဋ္ဌာန်ကာ စျာန်သမာပတ်ဝင်စားလျက်နေစဉ် နေဝင်ခါနီးအချိန်တွင် မာရ်နတ်သည် စစ်အင်္ဂါလေးပါး အခြံအရံ၊ လက်နက်ဗိုလ်ပါ နောက်လိုက်အခြံအရံများနှင့်တကွ ရောက်ရှိလာကာ တိုက်ခိုက်ဖျက်ဆီးရန်အားထုတ်ခဲ့သော်လည်း မြတ်စွာဘုရားရှင်က မာရ်နတ်ကို အောင်နိုင်ခဲ့သည်။

နေပြည်တော်တွင် တည်ဆောက်ပူဇော်လျက်ရှိသည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသည် မိမိတို့နိုင်ငံတွင် ထေရဝါဒ ဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာသို့ပြသရန်၊ တိုင်းပြည်အေးချမ်းသာယာရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်းပြည်ပ ဘုရားဖူးများ လာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူဖြစ်စေရန်ဟူသော ရည်ရွယ်ချက်များဖြင့် တည်ထားခြင်းဖြစ်ရာ အခွင့်ကောင်းနှင့် ကြုံသည့်အခိုက်တွင် လှူဒါန်းပါဝင်ကုသိုလ်ပြုနိုင်ကြရေးအတွက် အကျိုးမျှော်ကာ နှိုးဆော်တိုက်တွန်းအပ်ပါကြောင်း။ ။

## သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန
## နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန
## ၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွက်
## A.G.T.I ပထမနှစ် ဝင်ခွင့်လျှောက်လွှာများခေါ်ယူခြင်း
## ကြေညာချက်

အစိုးရစက်မှုလက်မှုသိပ္ပံတို့တွင် ၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွက် A.G.T.I ပထမနှစ် သင်တန်းသားများကို ခေါ်ယူမည်ဖြစ်ပါသဖြင့် ဝင်ခွင့်လျှောက်လွှာများကို အစိုးရစက်မှုလက်မှုသိပ္ပံများ၌ (၅-၁၁-၂၀၂၂) ရက်တွင် စတင်ထုတ်ယူနိုင်ပြီး လျှောက်လွှာများကို (၂၀-၁၁-၂၀၂၂) ရက် နောက်ဆုံးထား၍ မိမိတို့တက်ရောက်လိုသည့် ကျောင်းသို့ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

နည်းပညာ ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန

## တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များတွင် ပထမနှစ် (ဒုတိယနှစ်ဝက်)နှင့် ဒုတိယနှစ်မှ မဟာဘွဲ့သင်တန်းများအထိ နေ့သင်တန်းများ နိုဝင်ဘာ ၁၀ ရက် ဖွင့်လှစ်မည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန
ကြေညာချက်

၁။ ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များတွင် ပထမနှစ် (ဒုတိယနှစ်ဝက်) နှင့် ဒုတိယနှစ်မှ မဟာဘွဲ့သင်တန်းများအထိ နေ့သင်တန်းများအားလုံးကို ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ(၁၀) ရက်တွင် ဖွင့်လှစ်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။ ကျောင်းအပ်လက်ခံခြင်းကို (၂၇-၁၀-၂၀၂၂) ရက်မှ (၁၈-၁၁-၂၀၂၂) ရက် အထိ (စနေနေ့နှင့် တနင်္ဂနွေနေ့များအပါအဝင်) လက်ခံဆောင်ရွက်ပေးမည် ဖြစ်ပါသည်။

၂။ ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများအတွက် ပထမနှစ် (ပထမနှစ်ဝက်) နေ့သင်တန်းများကို ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ (၂၁) ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပါသည်။

အဆင့်မြင့်ပညာဦးစီးဌာန

## နိုဝင်ဘာလန်း ပန်းကလေးများ

( ၁ )
နိုဝင်ဘာလ၊ အခါသမယသည်
ဖြူလွှနှင်းမှုန်၊ ရစ်သိုင်းခြုံ၍
သင်းထုံပျံ့လွင်၊ ပန်းသဇင်နှင့်
လန်းရွှင်ချမ်းမြ၊ ပန်းသစ်ခွတို့
လောကတစ်ခွင်၊ အလှဆင်ပြီ
မွှေးထုံသင်းကြူ၊ စံပယ်ဖြူလည်း
နွဲ့ယဉ်နုမြ ချစ်မဝ.....။
( ၂ )
ဤလ ၇ ရက်၊ မေ့ဖို့ခက်စွ
ထွက်ပေါ်လာဝန်း၊ ရောင်ခြည်ရွှန်းသို့
တစ်ဝန်းမြန်မာ၊ စည်ပင်သာအောင်
ညီညာကြစေ၊ အားသစ်စေဟု
အထွေထွေအုပ်ချုပ်ရေး၊ အမည်ပေးကာ
ရှေ့ရေးမျှော်မှန်း၊ ပြည်ချစ်ပန်းတို့
ပွင့်လန်းခဲ့သည် သာတကား....။
( ၃ )
အမြင်ငါးမြင်၊ စံငါးအင်နှင့်
ရှေ့တွင်လျှောက်လှမ်း၊ ခရီးလမ်းဝယ်
ရည်မှန်းချက်လေးရပ်၊ မူချမှတ်၍
သုံးရပ်ဆောင်ပုဒ်၊ အားကြိုးထုတ်ကာ
အလုပ်နှင့်သက်သေ၊ ပြကြလေဟု
အထွေထွေအခက်အခဲ၊ ဖွဲ့နပဲနှင့်
ရဲရင့်ခိုင်မာ၊ ဖြတ်သန်းလာသည်
ဌာနတာဝန် ကျေခဲ့တကား ..... ။
( ၄ )
ဩော်... ယနေ့ကျရောက်၊
သုံးဆယ်လေးနှစ်မြောက်မှ
ဆက်လျှောက်ကာလှမ်း၊ ပြည်ချစ်ပန်းတို့
လန်းဆန်းတက်ကြွ၊ ချီတက်ကြစို့
ကဏ္ဍပေါင်းစုံ၊ ဘက်ပေါင်းစုံဝယ်
ရှိန်ဟုန်မပျက်၊ ခရီးဆက်စို့
မျိုးဆက်ရင်သွေး၊ ကောင်းမွေပေးရင်း
လေးမြတ်တာဝန် ကျေစို့တကား။
နိုဝင်ဘာလန်း ပန်းကလေးများ။ ။

၇-၁၁-၂၀၂၂ ရက်နေ့တွင်ကျရောက်သည့် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၏( ၃၄ )နှစ်ပြည့် နှစ်ပတ်လည်နေ့အတွက် ဂုဏ်ပြုရေးဖွဲ့ပါသည်။

ရဲမင်းစိုး

## SIM Card များ မှတ်ပုံတင်ခြင်းဆိုင်ရာ အသိပေးကြေညာချက်

ဆင်းကတ်များ မှတ်ပုံတင်ရာတွင် ဖြည့်စွက်ရသည့် အမည်/ နိုင်ငံသားစိစစ်ရေး ကတ်အမှတ် စသည့်အချက်အလက်များကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ National Database အချက်အလက်များနှင့် တိုက်ဆိုင်စစ်ဆေး၍ အချက်အလက် မှန်ကန်စွာဖြည့်စွက်ထားခြင်းမရှိသည့် ဆင်းကတ်များကို ပိတ်သိမ်းမည်ဖြစ်ပါသဖြင့် သုံးစွဲသူများအနေဖြင့် မိမိတို့၏ ဆင်းကတ်မှတ်ပုံတင်သည့် အမည် / နိုင်ငံသား စိစစ်ရေးကတ်အမှတ်တို့ကို မှန်/မမှန် စစ်ဆေး ပြီး၊ ပြင်ဆင်ရန်လိုအပ်ပါက (၃၁-၁-၂၀၂၃) ရက်နေ့ နောက်ဆုံးထား၍ ပြန်လည်ပြင်ဆင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။ မိမိတို့၏ အမည် / နိုင်ငံသားစိစစ်ရေး ကတ်အမှတ်တို့ မှန်မမှန် စစ်ဆေးသိရှိနိုင်ရန် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း (MPT) အတွက် ***601#** ၊ Atom အတွက် ***979*3*3#** ၊ Ooredoo အတွက် ***666#** ၊ Mytel အတွက် ***966#** သို့ခေါ်ဆို၍ ကြည့်ရှုစစ်ဆေးနိုင်ပါသည်။ ပြန်လည်ပြင်ဆင် မှတ်ပုံတင်ခြင်းကို သက်ဆိုင်ရာ အော်ပရေတာများ၏ အရောင်းဆိုင်များ၊ Application များနှင့် Website တို့တွင် ဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန

## လှိုင်း အနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်

နေပြည်တော် နိုဝင်ဘာ ၄

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

# ထားဝယ်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသတွင်းနေထိုင်သူများက ကြိုးပမ်းဆောင်ရွက်ရမည်

# ဒေသတွင်းမှထွက်ရှိသည့် ကုန်ကြမ်းများကိုအသုံးပြု၍ ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

**နေပြည်တော် နိုဝင်ဘာ ၄**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သည် ယနေ့မွန်းလွဲပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များအား ထားဝယ်မြို့ မြို့နယ်ခန်းမ၌ တွေ့ဆုံ၍ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင် Jeng Phang နော်တောင်၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝင်းရှိန်၊ ဒေါက်တာ ကံဇော်၊ ဦးလှမိုး၊ ဦးခင်မောင်ရီ၊ ဒေါက်တာ ချာလီသန်းနှင့် ဦးအောင်နိုင်ဦး၊ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကို၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ ထားဝယ်ခရိုင်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး(MSME)လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

## စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များအား တစ်ဦးချင်း တင်ပြဆွေးနွေး

ဦးစွာ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ်က ဒေသဆိုင်ရာ အချက်အလက်များ၊ တနင်္သာရီတိုင်းဒေသကြီးအတွင်း အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး(MSME)လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ စက်မှုဇုန်များအလိုက် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကူညီပံ့ပိုးမှုများနှင့် လုပ်ငန်းခွင်သင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိမှု၊ ဆီထုတ်လုပ်မှုလုပ်ငန်းများတိုးတက်ရေး ဆောင်ရွက်လျက်ရှိမှု၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ MSME လုပ်ငန်းများအတွက် လျှပ်စစ်ဓာတ်အား လုံလောက်စွာရရှိရေး ဆောင်ရွက်လျက်ရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ထားဝယ်ခရိုင် ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းဥက္ကဋ္ဌ ဒေါက်တာယုစိန်၊ အောင်ဇမ္ဗူ ကိုကိုးပျိုးပင်နှင့် ကိုကိုးတန်ဖိုးမြှင့် ကုန်ပစ္စည်းထုတ်လုပ်ရေးလုပ်ငန်းရှင် ဦးနေလင်းအောင်၊ ထားဝယ်ခရိုင် ကွမ်းသီးလုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဦးဖြိုးပိုင်ဦး၊ ဩဇာမင်း သဘာဝမြေဩဇာထုတ်လုပ်ရေး စက်ရုံလုပ်ငန်းရှင် ဦးစိုးထက်အောင်၊ ရွှေဥဩထားဝယ်ခရိုင်ရိုးရာ ရက်ကန်းကော်မတီအဖွဲ့ဝင် ဦးနေမင်း၊ ထားဝယ်ခရိုင် ရေထွက်ကုန်ပစ္စည်းထုတ်လုပ်ရေး လုပ်ငန်းရှင် ဦးအောင်ဝင်း၊ ရေထွက်ကုန်ပစ္စည်းနှင့် ဒေသထွက်ကုန်ပစ္စည်းများ တန်ဖိုးမြှင့်ထုတ်လုပ်ဖြန့်ဖြူးရေးလုပ်ငန်းရှင် ဦးအောင်မင်းနိုင်၊ ရော်ဘာသစ်အခြေခံ သစ်အချောထည် စက်ရုံလုပ်ငန်းရှင် ဦးနော်အောင်၊ မြန်မာနိုင်ငံ ဟိုတယ်လုပ်ငန်းရှင်များအသင်း(တနင်္သာရီဇုန်)ဥက္ကဋ္ဌ ဦးကျော်ဝင်းနှင့် တက်ရောက်လာကြသူများက ထားဝယ်ခရိုင်အတွင်း ရော်ဘာစိုက်ပျိုးထုတ်လုပ်နေမှုနှင့် ပြည်ပသို့တင်ပို့ရောင်းချလျက်ရှိမှု၊ ရော်ဘာထုတ်လုပ်မှုတိုးတက်ရေး ဆောင်ရွက်လျက်ရှိမှု၊ တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေးအတွက် အတိုးနှုန်းသက်သာသည့် ရင်းနှီးမတည်ချေးငွေများ လိုအပ်လျက်ရှိမှု၊ စက်မှုကုန်ကြမ်းပင်များစိုက်ပျိုး၍ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ သဘာဝမြေဩဇာ ထုတ်လုပ်လျက်ရှိမှု၊ ရက်ကန်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ရေထွက်ကုန်ပစ္စည်း ထုတ်လုပ်လျက်ရှိမှုနှင့် ကမ်းနီးငါးဖမ်းလှေများအတွက် ကန့်သတ်ချက်များကို ဖြေလျှော့ပေးစေလိုမှု၊ ထားဝယ်ဒေသတွင် MSME လုပ်ငန်းများအတွက် စက်မှုဇုန်တစ်ခု ဆောင်ရွက်ပေးစေလိုမှု၊ ဒေသတွင်းမှထွက်ရှိသည့် ရော်ဘာသစ်များကို သစ်အချောထည်ပစ္စည်းများ ထုတ်လုပ်ရောင်းချလျက်ရှိမှု၊ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖြေလျှော့မှုများ ဆောင်ရွက်ပေးစေလိုမှု၊ မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ပေးစေလိုမှုနှင့် ဒေသတွင်းစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြားလိုအပ်သည်များကို အသီးသီးတင်ပြဆွေးနွေးကြသည်။

## ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေး

ဆက်လက်ပြီး လုပ်ငန်းရှင်များ၏ တစ်ဦးချင်းရှင်းလင်းတင်ပြမှုများနှင့် ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝင်းရှိန်၊ ဒေါက်တာ ကံဇော်၊

*စာမျက်နှာ ၄ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဒေသထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသထားမှုကို ကြည့်ရှုလေ့လာစဉ်။

*စာမျက်နှာ ၃ မှ*

ဦးလှမိုး၊ ဦးခင်မောင်ရီ၊ ဒေါက်တာချာလီသန်းနှင့် ဦးအောင်နိုင်ဦးတို့က ဝန်ကြီးဌာနအလိုက် လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ စီးပွားရေးလုပ်ငန်းများအတွက် နိုင်ငံတော်မှ ချေးငွေများကို ကာလအပိုင်းအခြားအလိုက် အတိုးနှုန်းသက်သာစွာဖြင့် ဆောင်ရွက်ပေးလျက်ရှိပြီး တင်ပြချက်များတွင် ပါဝင်သည့် ချေးငွေရယူလိုမှုအပေါ် သတ်မှတ်ချက်နှင့်အညီ ခွင့်ပြုပေးနိုင်ရေး ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသွားမည်ဖြစ်သည့် အခြေအနေများ၊ ချေးငွေများ ပြန်လည်ရရှိမှသာလျှင် နိုင်ငံတော်၏ လည်ပတ်သုံးစွဲငွေများ ပြန်လည်ရရှိမည်ဖြစ်ပြီး စီးပွားရေးကဏ္ဍသည်လည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သဖြင့် လုပ်ငန်းရှင်များအနေဖြင့် မိမိတို့ရယူထားသည့် ချေးငွေများကို သတ်မှတ်ကာလအတွင်း အချိန်မီ ပြန်လည်ပေးဆပ်ရန် လိုအပ်မှု၊ ကျေးလက်နေပြည်သူများ ဝင်ငွေတိုးပွားရေးနှင့် ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သမဝါယမအစုအဖွဲ့များ ဖွဲ့စည်း၍ လိုအပ်သည်များ ကူညီပံ့ပိုးပေးလျက်ရှိမှု၊ စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် သမဝါယမအသင်းအဖွဲ့များ ဖွဲ့စည်း၍ Contract Farming စနစ်ဖြင့် ချိတ်ဆက်ဆောင်ရွက်ပေးကာ စိုက်ပျိုးရေးတောင်သူများ၏ လိုအပ်ချက်များအား ဖြည့်ဆည်းပေးနိုင်ရေး ဆောင်ရွက်လျက်ရှိမှု၊ ငါးလုပ်ငန်းအတွက် အဖိုးတန်သည့် ဒီရေတောများကို ထိန်းသိမ်းဆောင်ရွက်သွားကြရန်လိုအပ်မှု၊ ကြိမ်လုပ်ငန်းမှလည်း ဒေသတွင်း ဝင်ငွေတိုးပွားစေနိုင်သည့်အတွက် စဉ်ဆက်မပြတ်အောင် ဆက်လက်ထိန်းသိမ်း ဆောင်ရွက်သွားရန် လိုအပ်မှု၊ ဒေသတွင်းထုတ်ကုန်များအား ကူးသန်းရောင်းဝယ်မှု လွယ်ကူစေရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများမှ လိုအပ်သည်များ ကူညီဆောင်ရွက်ပေးနိုင်မည့် အခြေအနေများ၊ ကုန်သွယ်မှုနှင့် ပတ်သက်၍ သတင်းအချက်အလက် မှန်ကန်စွာ ရရှိစေရေးအတွက် ကြေညာချက်များကို အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ဆောင်ရွက်ပေးလျက်ရှိမှု စသည်ဖြင့် သက်ဆိုင်ရာကဏ္ဍများအလိုက် အသီးသီး ပြန်လည်ဆွေးနွေးပြောကြားကြသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ထားဝယ်ခရိုင်အတွင်း အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး လုပ်ဆောင်လျက်ရှိသည့် အခြေအနေများကို ဆွေးနွေးပြောကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဒေသထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသထားမှုကို ကြည့်ရှုလေ့လာစဉ်။

❖ **မိမိတို့အနေဖြင့် နိုင်ငံတော်၏တာဝန်များကို စတင်တာဝန်ယူဆောင်ရွက်ခဲ့ရချိန်တွင် အခက်အခဲများစွာရှိခဲ့ပြီး ၎င်းတို့ကို ကျော်လွှား၍ ပြည်တွင်းစီးပွားရေးကို မြှင့်တင်ဆောင်ရွက်နိုင်ခဲ့**

❖ **လုပ်ငန်းများလည်ပတ်မှု စဉ်ဆက်မပြတ်စေရေး ကိုဗစ်-၁၉ ကာလအတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ခွင့်ပြုပေးခဲ့**

## ထားဝယ်ခရိုင်အတွင်း အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) ဖွံ့ဖြိုးတိုးတက်ရေး

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်၏ စီးပွားရေးလုပ်ငန်းများကို မြှင့်တင်ရန် ရည်ရွယ်၍ ဒေသအသီးသီးရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME)လုပ်ငန်းရှင်များနှင့် လိုက်လံတွေ့ဆုံနေခြင်းဖြစ်ပြီး တင်ပြချက်များအပေါ် မူတည်၍ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းနှင့် အခြားလိုအပ်သည်များကို မှာကြားခြင်းများ ဆောင်ရွက်ခဲ့ကြောင်း၊ ယခင်က နိုင်ငံတွင် စီးပွားရေးစနစ်အမျိုးမျိုးကို ကျင့်သုံးခဲ့ကြပြီး အဆင်ပြေခဲ့သည်များရှိသကဲ့သို့ မအောင်မြင်ခဲ့သည်များလည်း ရှိခဲ့ကြောင်း၊ တပ်မတော်အစိုးရလက်ထက်တွင် ဈေးကွက်စီးပွားရေးစနစ်ဖြင့် လျှောက်လှမ်းဆောင်ရွက်ခဲ့ပြီး ယခုအခါ မိမိတို့နိုင်ငံသည် ပါတီစုံဒီမိုကရေစီ လမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနေခြင်း ဖြစ်သည့်အတွက် ဈေးကွက်စီးပွားရေးစနစ်ကို ဆက်လက်လျှောက်လှမ်းရမည်ဖြစ်ကြောင်း၊ ယခင်က မိမိတို့နိုင်ငံတွင် ပြည်တွင်းစီးပွားရေးနှင့် ကုန်ထုတ်လုပ်မှုများကို အားပေးဆောင်ရွက်ခဲ့ခြင်း မရှိသဖြင့် ကုန်သွယ်မှုလိုငွေများ များစွာပြခဲ့ကြောင်း၊ မိမိတို့နိုင်ငံတွင် ပြည်တွင်းစီးပွားရေးကို အောင်မြင်အောင် ဆောင်ရွက်နိုင်မည့် အလားအလာကောင်းများစွာ ရှိပြီးဖြစ်ကြောင်း၊ နိုင်ငံခြားသုံးငွေများကို ပြည်ပချေးငွေ၊ ထောက်ပံ့ငွေများနှင့် Non-Trade များမှ ရရှိသည့် နိုင်ငံခြားငွေများမှ သုံးစွဲနိုင်သည်ကို တွေ့ရှိရကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတော်၏ တာဝန်များကို စတင်တာဝန်ယူဆောင်ရွက်ခဲ့ရချိန်တွင် အခက်အခဲများစွာရှိခဲ့ပြီး ၎င်းတို့ကို ကျော်လွှား၍ ပြည်တွင်းစီးပွားရေးကို မြှင့်တင်ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ လုပ်ငန်းများလည်ပတ်မှု စဉ်ဆက်မပြတ်စေရေး ကိုဗစ်-၁၉ ကာလအတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ခွင့်ပြုပေးခဲ့ကြောင်း၊ မိမိတို့နိုင်ငံ၌ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်နိုင်သည် ဖြစ်သောကြောင့် ကိုဗစ်-၁၉ ရောဂါဖြစ်ပေါ်ခဲ့ချိန်တွင် ပြည်တွင်းစားသုံးမှု၌ ထိခိုက်မှုမရှိခဲ့ကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး

*စာမျက်နှာ ၅ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဒေသထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသထားမှုကို ကြည့်ရှုလေ့လာစဉ်။

*စာမျက်နှာ ၄ မှ*

လုပ်ငန်းသည် မိမိတို့နိုင်ငံအတွက် ခိုင်မာသေချာမှု အရှိဆုံးသော စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်ကြောင်း၊ ယခုကဲ့သို့ MSME လုပ်ငန်းများကို အားပေးဆောင်ရွက်နေရခြင်းမှာ တိုင်းပြည်၏ စီးပွားရေးမြှင့်တင်ရန်၊ ပြည်ပသွင်းကုန်များ အစားထိုးနိုင်ရန်နှင့် ပြည်ပသို့ ပြည်တွင်းထုတ်ကုန်များ တင်ပို့နိုင်ရန်ဖြစ်ကြောင်း။

## ဒေသနှင့် ပြည်တွင်းမှ ထွက်ရှိသည့် ကုန်ကြမ်းပစ္စည်းများကို အကျိုးရှိစွာ အသုံးချ၍ ကုန်ထုတ်လုပ်မှုကို မြှင့်တင်

တနင်္သာရီတိုင်းဒေသကြီးအတွင်း ရော်ဘာစိုက်ပျိုးမှုများစွာရှိပြီး အဆိုပါရော်ဘာထုတ်ကုန်များကို အသုံးပြု၍ မော်တော်ဆိုင်ကယ်နှင့် မော်တော်ယာဉ်များအတွက် တာယာလုပ်ငန်း၊ ဖိနပ်လုပ်ငန်းနှင့် အခြားလူသုံးပစ္စည်းအမျိုးမျိုးကို နည်းပညာအသုံးပြုကာ ပြည်တွင်း၌ အဆင့်မီထုတ်လုပ်နိုင်မည်ဆိုပါက ဒေသအကျိုးကို ပိုမိုဖြစ်ထွန်းစေနိုင်မည်ဖြစ်ကြောင်း၊ အလားတူ အခြားပြည်တွင်းမှ ထွက်ရှိသည့် ကုန်ကြမ်းများကို အသုံးပြုပြီး လူသုံးကုန်ပစ္စည်းများကို ထုတ်လုပ်နိုင်မည်ဆိုပါက ပြည်တွင်းစီးပွားရေးကို မြှင့်တင်အားပေးနိုင်မည်ဖြစ်ပြီး ပြည်ပသွင်းကုန်များကိုလည်း လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ဝါး၊ သစ်နှင့် သစ်တောထွက်ပစ္စည်းများကိုလည်း စက္ကူပျော့ဖတ်အပါအဝင် အခြားလူသုံးကုန်၊ ကုန်ချောပစ္စည်းအမျိုးမျိုးကို အဆင့်မီထုတ်လုပ်၍ ပြည်တွင်းလိုအပ်ချက်သာမက ပြည်ပသို့ တင်ပို့ရောင်းချနိုင်မည်ဆိုပါက MSME လုပ်ငန်းများသည်လည်း တိုးတက်လာမည်ဖြစ်ကြောင်း၊ ထားဝယ်ခရိုင်အတွင်း စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရေးအတွက် လိုအပ်သည့် ပံ့ပိုးကူညီမှုများကို နိုင်ငံတော်မှ ဖြည့်ဆည်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ပြည်တွင်းမှ ထွက်ရှိသည့် ကုန်ကြမ်းပစ္စည်းများကို အသုံးပြုခြင်းသည် ကုန်ထုတ်လုပ်မှုလုပ်ငန်းအတွက် ခိုင်မာမှုအရှိဆုံးသော စီးပွားရေးလုပ်ငန်းပင်ဖြစ်ကြောင်း၊ ရေထွက်သယံဇာတများအား ထုတ်ယူခြင်းအပြင် ငါးမွေးမြူရေးလုပ်ငန်းကိုလည်း အောင်မြင်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ အလားတူ ဒေသမှ ထွက်ရှိသည့် စိုက်ပျိုးရေးထုတ်ကုန်များမှ တိရစ္ဆာန်အစာများ ထုတ်လုပ်၍ အခြားမွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ မွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိလာသည့် သားရေများဖြင့် သားရေနှင့် ပတ်သက်သည့် သုံးကုန်ပစ္စည်းထုတ်လုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်၍ရနိုင်ကြောင်း၊ အုန်းစိုက်ပျိုး၍ရသည့် နေရာများစွာရှိပြီးဖြစ်သဖြင့် အုန်းစိုက်ပျိုးမှုများ ဆောင်ရွက်ပြီး အုန်းထွက်ပစ္စည်းများကို အဆင့်မီထုတ်လုပ်၍ ရနိုင်ကြောင်း၊ ထို့ကြောင့် ဒေသမှ ထွက်ရှိသည့် စိုက်ပျိုးမွေးမြူရေးကုန်ကြမ်းများကို အသုံးပြုပြီး ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း။

## ကုန်ကြမ်းပစ္စည်း၊ အရင်းအနှီး၊ နည်းပညာနှင့် လူသားအရင်းအမြစ်ကောင်းများ ရရှိရန်လိုအပ်

အကြောင်းအမျိုးမျိုးကြောင့် ရပ်တန့်ထားရသည့် ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်း ဆက်လက်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဒေသထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသထားမှုကို ကြည့်ရှုလေ့လာစဉ်။

အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ အောင်မြင်စေရေးအတွက် ကုန်ကြမ်းများ၊ အရင်းအနှီး၊ နည်းပညာနှင့် လူသားအရင်းအမြစ်ကောင်းများ လိုအပ်ကြောင်း၊ ထုတ်လုပ်သည့်ပစ္စည်းများ ဈေးကွက်ရရှိစေရေးအတွက် ပစ္စည်းများ၏ အရည်အသွေးကောင်းမွန်ရန်နှင့် သေသပ်ကောင်းမွန်ပြီး ဆွဲဆောင်မှုရှိသည့် ထုပ်ပိုးမှုပုံစံလည်း ရှိရမည်ဖြစ်ကြောင်း၊ အရင်းအနှီးနှင့် ပတ်သက်၍ နိုင်ငံတော်မှ သတ်မှတ်ထားသည့် အတိုးနှုန်းများဖြင့် ချေးငွေများ ထုတ်ပေးသွားမည်ဖြစ်ကြောင်း၊ အရည်အသွေးမြင့် ထုတ်ကုန်ပစ္စည်းများရရှိရေးအတွက် အသိပညာ၊ အတတ်ပညာနှင့် ပြည့်စုံသည့် လူသားအရင်းအမြစ်ကောင်းများရှိရန် လိုအပ်ကြောင်း၊ ပညာရေးကို အားပေးမှသာလျှင် ဒေသနှင့် နိုင်ငံ၏ လူသားအရင်းအမြစ်များသည်လည်း ပေါကြွယ်ဝလာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် တစ်ဦးတစ်ယောက်ချင်းမှစ၍ ပညာရေးကို အလေးထား အားပေးဆောင်ရွက်ကြစေလိုကြောင်း။

## ခရီးသွားလုပ်ငန်းနှင့် ကုန်သွယ်မှုလုပ်ငန်းများ လွယ်ကူလျင်မြန်ချောမွေ့စေရေး

ထားဝယ်ဒေသသို့ နယ်စပ်မှတစ်ဆင့် ပြည်ပခရီးသွားများ ဝင်ရောက်လျက်ရှိသည်ကို တွေ့ရှိရသဖြင့် မိမိတို့ဒေသ၏ သန့်ရှင်းသာယာလှပရေးကို ဒေသတွင်းရှိ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဒေသခံများက တာဝန်သိစွာဖြင့် ဝိုင်းဝန်းဆောင်ရွက်ကြရန်လိုကြောင်း၊ အလားတူ နယ်မြေတည်ငြိမ်အေးချမ်းမှသာလျှင် ဒေသသို့ လာရောက်သူများ များပြားလာမည်ဖြစ်သည့်အတွက် နယ်မြေဒေသအေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးအတွက်လည်း ဝိုင်းဝန်းထိန်းသိမ်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အိမ်သာမှသာလျှင် ဧည့်လာမည်ဖြစ်သဖြင့် မိမိတို့ဒေသ သန့်ရှင်းသာယာလှပရေး၊ တည်ငြိမ်အေးချမ်းရေး ဝိုင်းဝန်းဆောင်ရွက်၍ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ခရီးသွားလုပ်ငန်းနှင့် ကုန်သွယ်မှုလုပ်ငန်းများ လွယ်ကူလျင်မြန်ချောမွေ့စေရေးအတွက် ထားဝယ်ဒေသသို့ မီးရထားလမ်းဖောက်လုပ်နိုင်ရေး ကြိုတင်ပြင်ဆင်စီမံဆောင်ရွက်လျက်ရှိကြောင်း။

စက်သုံးဆီသုံးစွဲမှုများကိုလည်း လျှော့ချစေလိုပြီး စက်သုံးဆီများကို ပြည်ပမှ တင်သွင်းနေရခြင်းဖြစ်သဖြင့် နိုင်ငံခြားငွေသုံးစွဲရကြောင်း၊ လျှပ်စစ်စွမ်းအားအသုံးပြုသည့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်မည်ဆိုပါက စက်သုံးဆီသုံးစွဲနေရမှုများကိုလည်း များစွာလျှော့ချနိုင်မည်ဖြစ်ကြောင်း၊ စက်သုံးဆီသုံးစွဲမှုများကို လျှော့ချနိုင်မည်ဆိုပါက နိုင်ငံခြားငွေသုံးစွဲမှုများ လျော့ကျသွားမည်ဖြစ်ကြောင်း။

လက်ရှိအချိန်တွင် ပြည်တွင်းစီးပွားရေး တိုးတက်လာသည်ကို တွေ့ရှိရပြီး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဆိုပါက ထပ်မံတိုးတက်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိအနေဖြင့် ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်သည့် MSME လုပ်ငန်းများကို အားပေးဆောင်ရွက်နေခြင်းပင် ဖြစ်ကြောင်း၊ နိုင်ငံ့စီးပွားရေးတိုးတက်ရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် ကျေးလက်နေပြည်သူများ၏ စီးပွားရေးကို အားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထိုမှတစ်ဆင့် ငွေကြေးလည်ပတ်မှုများ ကောင်းမွန်လာပြီး နိုင်ငံ့စီးပွားရေးမြင့်တက်လာမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးကို နိုင်ငံရေးလုပ်ငန်းစဉ် ၂ ရပ်အဖြစ် ချမှတ်ဆောင်ရွက်လျက်ရှိပြီး အမျိုးသားရေးလုပ်ငန်းစဉ် ၂ ရပ်အနေဖြင့် တိုင်းပြည်သာယာဝပြောရေးနှင့်စားရေရိက္ခာဖူလုံရေးတို့ကို ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း။

**“လက်ရှိအချိန်တွင် ပြည်တွင်းစီးပွားရေး တိုးတက်လာသည်ကို တွေ့ရှိရပြီး ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားမည်ဆိုပါက ထပ်မံ တိုးတက်လာမည်၊ ထို့ကြောင့် မိမိအနေဖြင့် ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်သည့် MSME လုပ်ငန်းများကို အားပေးဆောင်ရွက်နေခြင်းပင်ဖြစ်”**

ထားဝယ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသတွင်းနေထိုင်သူများက ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဒေသတွင်းမှထွက်ရှိသည့် ကုန်ကြမ်းများကို အသုံးပြု၍ ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ လိုအပ်သည့် ပံ့ပိုးမှုများကိုလည်း နိုင်ငံတော်မှ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှုများ တိုးတက်စေရန်အတွက် အားလုံးဝိုင်းဝန်း ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်းဖြင့် တိုက်တွန်းဆွေးနွေး ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် တက်ရောက်လာကြသည့် ထားဝယ်ခရိုင်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ခင်းကျင်းပြသထားသည့် စားသောက်ကုန်၊ လူသုံးကုန်၊ စက်မှုလက်မှုထုတ်ကုန်၊ ရိုးရာလက်မှုထုတ်ကုန်များ၊ အဝတ်အထည်များ၊ တိုင်းရင်းဆေးများ စသည့် ထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသထားရှိမှုများကို ပြကွက်တစ်ခုချင်းစီအလိုက် စိတ်ဝင်တစားဖြင့် လေ့လာခဲ့ပြီး ဈေးကွက်ရရှိမှု အခြေအနေများကို မေးမြန်းဆွေးနွေးရာ လုပ်ငန်းအလိုက် စီးပွားရေးလုပ်ငန်းရှင်များက လိုက်လံရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် နှင့် အဖွဲ့ဝင်များသည် ထားဝယ်မြို့ ကမ်းနားလမ်းတစ်လျှောက် မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



စီးပွားရေးလုပ်ငန်းရှင်များ ရှင်းလင်းတင်ပြစဉ်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အား ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက ထားဝယ်အထူးစီးပွားရေးဇုန် ဆောင်ရွက်မှုအခြေအနေများ ရှင်းလင်းတင်ပြစဉ်။

* *ရှေ့ဖုံးမှ*

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အား စီမံကိန်းရှင်းလင်းဆောင်၌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးနှင့် ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်စိုးတို့က ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်း စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့မှု၊ အကြောင်းအမျိုးမျိုးကြောင့် လုပ်ငန်းဆောင်ရွက်မှုများတိုးတက်ရန် နှောင့်နှေးကြန့်ကြာခဲ့ရမှု၊ စီးပွားရေးဇုန် နယ်နိမိတ်အတွင်း တည်ဆောက်ပြီး၊ တည်ဆောက်ဆဲနှင့် တည်ဆောက်ရန်ကျန် ဆိပ်ခံတံတားများ၊ စက်ရုံများ၊ အဆောက်အဦများ ဆောင်ရွက်ထားရှိမှု၊ စီမံကိန်းလုပ်ငန်းများ ဆက်လက်အကောင်အထည်ဖော်ရန် လိုအပ်ချက်များနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

**ရေရှည်တည်တံ့စေရေး**
**စနစ်တကျ ထိန်းသိမ်းဆောင်ရွက်**

ရှင်းလင်းတင်ပြမှုများနှင့် ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ထားဝယ်အထူးစီးပွားရေးဇုန် စီမံကိန်းသည် နိုင်ငံအတွက် အကျိုးရှိမည့် စီမံကိန်းတစ်ခုဖြစ်သကဲ့သို့ နိုင်ငံတကာအတွက်လည်း အထောက်အကူဖြစ်စေကြောင်း၊ ဗီယက်နမ်နိုင်ငံမှ ဆိပ်ကမ်းအား အရှေ့အာရှနိုင်ငံများမှ အသုံးပြု၍ ထားဝယ်ရေနက်ဆိပ်ကမ်းသို့ ပို့ဆောင်ပြီး တောင်အာရှဒေသ၊ ပင်လယ်ကွေ့ဒေသသို့လည်းကောင်း၊ အနောက်ဘက်ဒေသနိုင်ငံများမှ ထားဝယ်ရေနက်ဆိပ်ကမ်းမှ တစ်ဆင့် ထိုင်း၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်နိုင်ငံတို့မှ အာရှအရှေ့ပိုင်းအထိ ပို့ဆောင်နိုင်သဖြင့် အောင်မြင်အောင် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားရန် လိုအပ်သည့် အခြေအနေများ၊ စီမံကိန်းအတွင်း ယခင်ကတည်းက လျာထားဆောင်ရွက်ခဲ့သည့် တည်ဆောက်ပြီး အဆောက်အဦများအား ပျက်စီးမှုမရှိစေရေးနှင့် ရေရှည်တည်တံ့စေရေး စနစ်တကျ ထိန်းသိမ်းဆောင်ရွက်ရန်လိုသည့် အခြေအနေများ၊ သက်ဆိုင်ရာ ကော်မတီမှတစ်ဆင့် ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများကို ဖြေရှင်းပြီး အောင်မြင်အောင် ဆက်လက်အကောင်အထည်ဖော်ဆောင်သွားရမည့် အခြေအနေများနှင့် ပတ်သက်၍ လိုအပ်သည်များ မှာကြားသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စီမံကိန်းအကွက်ချပုံစံငယ်အား ကြည့်ရှုစဉ်။

ထို့နောက် စီမံကိန်းဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လိုအပ်နိုင်မည့် အခြေအနေများနှင့် ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများနှင့် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ပြီး စီမံကိန်းအကွက်ချပုံစံငယ်အား ကြည့်ရှုကာ လိုအပ်သည်များ မှာကြားဆွေးနွေးသည်။

**လှည့်လည်ကြည့်ရှုစစ်ဆေး**

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ထားဝယ်အထူးစီးပွားရေးဇုန် စီမံကိန်းနှင့် ရေနက်ဆိပ်ကမ်း လျာထားသည့်နေရာများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



## ဝေါမြို့နယ်၌ ၂၀၂၂ - ၂၀၂၃ ခုနှစ် မိုးစပါးစံကွက်ရိတ် တစ်ဧက တင်း ၁၀၀ ကျော်ထွက်ရှိ

**ဝေါ နိုဝင်ဘာ ၄**

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် ကျိုက်လှကျေးရွာရှိ တစ်ဧက တင်း ၁၀၀ အထက်ထွက်ရှိရေး ဧက ၁၀၀ စံပြစိုက်ခင်းကွင်းတွင် တောင်သူ ဒေါ်ရီစိန်၏ လယ်မြေကွင်းအမှတ်(၆၈၇-ခ) ဦးပိုင် ၃/၇၃၌ မိုးစပါး စံပြကွက်ရိတ်သိမ်းပွဲကို နိုဝင်ဘာ ၃ ရက်က ကျင်းပသည်။

အဆိုပါ မိုးစပါးစံပြကွက်ရိတ်သိမ်းပွဲသို့ ဝေါမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသီဟထွန်းနှင့် အဖွဲ့ဝင်များ၊ စိုက်ပျိုးတောင်သူများက စပါးရိတ်ခြွေစက်ဖြင့် ရိတ်ခြွေကာ မျိုးကောင်း၊ မျိုးသန့် စိုက်ခင်းဆောင်ရွက်နေမှုနှင့် မိုးစပါးစိုက်ပျိုးအောင်မြင်နေမှု အခြေအနေများ လေ့လာကြည့်ရှုခဲ့ကြသည်။

ထို့နောက် မိုးစပါးစံပြအထွက်နှုန်းအား မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်မိုးလွင်၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ ဦးစီးနှင့် ဝန်ထမ်းများက စံပြကွက်ရိတ်သိမ်းရာ မှော်ဘီ(၃) တစ်ဧကေ အစိုတင် ၁၃၅ တင်း၊ တစ်ဧကအခြောက်တင် တင်း ၁၂၀ ထွက်ရှိခဲ့ကြောင်း သိရသည်။

**အောင်မြတ်လင်း (ပြန်/ဆက်)**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် ထားဝယ်တပ်နယ်မှ အရာရှိ၊ စစ်သည် မိသားစုများအား တွေ့ဆုံ အမှာစကားပြောကြားစဉ်။

# မိမိတို့နိုင်ငံအနေဖြင့် နိုင်ငံတော်၏ကာကွယ်ရေးစွမ်းပကားမြင့်မားစေရေး အမြဲမပြတ်ကြိုးပမ်းတည်ဆောက်နေရမည်

**နေပြည်တော် နိုဝင်ဘာ ၄**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဇနီးဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများနှင့် ဇနီးများ၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စောသန်းလှိုင်နှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် ထားဝယ်တပ်နယ်မှ အရာရှိ၊ စစ်သည် မိသားစုများအား တွေ့ဆုံအမှာစကား ပြောကြားသည်။

### နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှု

ထိုသို့ တွေ့ဆုံအမှာစကားပြောကြားရာတွင် နိုင်ငံတော်တွင် ဖြစ်ပေါ်လာသည့် အခြေအနေများအရ နိုင်ငံတော်ကို နိုင်ငံရေးအရ အရေးပေါ်အခြေအနေကြေညာခဲ့ပြီး တပ်မတော်မှ နိုင်ငံ့တာဝန်များကို ထမ်းဆောင်ခဲ့ရသည့် အခြေအနေများ၊ ခေတ်အဆက်ဆက် အုပ်ချုပ်ပုံစနစ်များ ပြောင်းလဲခဲ့မှုနှင့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရေး တပ်မတော်မှ ဆောင်ရွက်ပေးခဲ့သည့် အခြေအနေများ၊ နိုင်ငံတော်၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှု အခြေအနေများနှင့် စပ်လျဉ်း၍ ဦးစွာ ရှင်းလင်းပြောကြားသည်။

### ကာကွယ်ရေးစွမ်းပကားမြင့်မားစေရေး ကြိုးပမ်းတည်ဆောက်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဆက်လက်ပြောကြားရာတွင်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ တပ်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများ ပေးအပ်စဉ်။

တပ်မတော်၏ အဓိကတာဝန်သည် နိုင်ငံတော် ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ရန်ဖြစ်ကြောင်း၊ သို့သော်လည်း လက်ရှိအချိန်တွင် နိုင်ငံတော်၏ တာဝန်များကိုပါ တာဝန်ယူထိန်းသိမ်းဆောင်ရွက်နေရခြင်းဖြစ်သဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့ကိုလည်း ဆောင်ရွက်နေရကြောင်း၊ စွမ်းရည်ရှိသည့် တပ်မတော်ဖြစ်ရေးအတွက် တပ်မတော်သားများအနေဖြင့် မိမိတို့တစ်ဦးချင်း၏ စွမ်းရည်များ တိုးတက်အောင် အမြဲမပြတ် လေ့ကျင့်ဆောင်ရွက်နေရမည် ဖြစ်ကြောင်း၊ တပ်မတော်ကို လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ ခေတ်မီလက်နက်ကိရိယာများ ပိုင်ဆိုင်နိုင်ရေးနှင့် ကျွမ်းကျင်စွာ အသုံးပြုတတ်စေရေး ခေတ်အဆက်ဆက်ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ နိုင်ငံတိုင်းတွင် မိမိတို့နိုင်ငံ၏ ကာကွယ်ရေးစွမ်းပကား မြင့်မားစေရေးအတွက် ကြိုးပမ်းတည်ဆောက်လျက်ရှိသကဲ့သို့ မိမိတို့နိုင်ငံအနေဖြင့်လည်း နိုင်ငံတော်၏ ကာကွယ်ရေးစွမ်းပကား မြင့်မားစေရေး အမြဲမပြတ်ကြိုးပမ်းတည်ဆောက်နေရမည် ဖြစ်ကြောင်း၊ ရှိရင်းစွဲ လူ့စွမ်းအားအရင်းအမြစ်များနှင့် လက်နက်ကိရိယာများကို စွမ်းရည်စွမ်းပကားမြင့်မားနေစေရေး၊ ခေတ်နှင့်လျော်ညီသည့် စွမ်းရည်စွမ်းအားရှိစေရေး အမြဲမပြတ်လေ့ကျင့်ဆောင်ရွက်နေကြရမည်ဖြစ်ကြောင်း၊ စစ်သည်တစ်ဦးချင်းအနေဖြင့် မိမိတို့ နေ့စဉ်လေ့ကျင့်ဆောင်ရွက်ရမည့် လေ့ကျင့်ခန်းများ၊ တာဝန်များကို မှန်မှန်ကန်ကန် ဆောင်ရွက်နေမည်ဆိုပါက တစ်ဦးချင်း၏ စွမ်းရည်တိုးတက်လာနိုင်မည်ဖြစ်ပြီး စစ်ရေးသတိ၊ စစ်ရေးအသိ အမြဲရှိနေရန်လည်း လိုအပ်မည်ဖြစ်ကြောင်း။

- **စွမ်းရည်ရှိသည့် တပ်မတော်ဖြစ်ရေးအတွက် တပ်မတော်သားများအနေဖြင့် မိမိတို့တစ်ဦးချင်း၏ စွမ်းရည်များတိုးတက်အောင် အမြဲမပြတ် လေ့ကျင့်ဆောင်ရွက်နေရမည်**
- **တပ်မတော်ကို လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ ခေတ်မီလက်နက်ကိရိယာများ ပိုင်ဆိုင်နိုင်ရေးနှင့် ကျွမ်းကျင်စွာ အသုံးပြုတတ်စေရေး ခေတ်အဆက်ဆက် ကြိုးပမ်းဆောင်ရွက်ခဲ့**

### စနစ်ကျနသည့် နေထိုင်သွားလာ စားသောက်မှုပုံစံရှိရမည်

တပ်မတော်အနေဖြင့် စစ်သည်တစ်ဦးချင်းစီအလိုက် အဆင့်နှင့်လျော်ညီစွာ နေထိုင်စားသောက်နိုင်ရေး နေရေး၊ ဝတ်ရေး၊ စားရေးတို့အပြင် အခြားအုပ်ချုပ်မှုဆိုင်ရာ အခက်အခဲများ အဆင်ပြေချောမွေ့စေရေး အတတ်နိုင်ဆုံးဖြည့်ဆည်းဆောင်ရွက်ပေးထားပြီး ဖြစ်ကြောင်း၊ ထို့ကြောင့် စစ်သည်များအနေဖြင့်လည်း မိမိတို့ရသင့်ရထိုက်သည့် အခွင့်အရေးများ ရရှိစေရေးနှင့် ရရှိလာသည့် အခွင့်အရေးများနှင့် ရပိုင်ခွင့်များကို ထိန်းထိန်းသိမ်းသိမ်းဖြင့် စနစ်တကျ သုံးစွဲကြစေလိုကြောင်း၊ စားရေးနှင့် ပတ်သက်၍ တပ်ပိုင်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်ရန်လိုအပ်သကဲ့သို့ တစ်ဦးချင်း တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်မည်ဆိုပါကလည်း စားရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ မိမိတို့၏ ဝင်ငွေနှင့် ထွက်ငွေများကိုလည်း မျှတစွာသုံးစွဲရန် လိုအပ်မည်ဖြစ်ပြီး မလိုလားအပ်သော ငွေကုန်ကြေးကျမှုများ မရှိစေရေး စနစ်တကျသုံးစွဲစေလိုကြောင်း။

### ပညာရေးအလေးပေးဆောင်ရွက်

ထို့ပြင် မိမိတို့တစ်ဦးချင်း၏ အသိပညာမြင့်မားစေရေးအတွက် ဗဟုသုတဖြစ်စေနိုင်မည့် စာပေများကို ဖတ်မှတ်လေ့လာနေရမည်ဖြစ်သကဲ့သို့ မိမိတို့၏ သားသမီးများကိုလည်း ပညာရေးအားပေးကြရမည်ဖြစ်ကြောင်း၊ ပညာရေးအားနည်းပါက အသိအမြင် အားနည်းမည်ဖြစ်ပြီး မိမိတို့၏ လူမှုစီးပွားဘဝ တိုးတက်ရေးတွင် အခက်အခဲများ ဖြစ်ပေါ်နိုင်မည်ဖြစ်သဖြင့် မိမိတို့၏ သားသမီးများအပေါ် ကောင်းမွန်သည့် ပညာအမွေပေးနိုင်ရမည်ဖြစ်ကြောင်း၊ အတန်းပညာမြင့်မားစေရေးသာမက အသိပညာမြင့်မားစေရေးအတွက်လည်း ဖတ်သင့်ဖတ်ထိုက်သည့် သိသင့်သိထိုက်သည့် စာပေများ၊ အသိအမြင်များကို ပေးနိုင်ရမည်ဖြစ်ကြောင်း၊ ထိုသို့ အသိအမြင်များပေးနိုင်ရေးအတွက် မိမိတို့၏တစ်ဦးချင်းကလည်း အသိပညာတိုးပွားစေရေး စာပေဖတ်မှတ်လေ့လာရမည်ဖြစ်ပြီး မိမိတို့ သားသမီးများကို

*စာမျက်နှာ ၈ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နယ်မြေခံတပ်မတော်ဆေးရုံ၌ ကုသမှုခံယူနေသူ တစ်ဦးကို ကျန်းမာရေးအခြေအနေ မေးမြန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ နယ်မြေခံတပ်မတော်ဆေးရုံ၌ ကုသမှုခံယူနေသူများကို အားပေးစကားပြောကြားစဉ်။

*စာမျက်နှာ ၇ မှ*
မိမိတို့ထက် သာလွန်အောင် မြေတောင်မြှောက်ပေးကြရန်လိုကြောင်း။

တပ်မတော်သားများအနေဖြင့် မိမိတို့တစ်ဦးချင်း ထမ်းဆောင်ရမည့်တာဝန်များကို မှန်မှန်ကန်ကန်နှင့် ကျေပွန်စွာ ထမ်းဆောင်ရန်လိုပြီး နိုင်ငံတော်နှင့် တပ်မတော်အတွက်ဟူသည့် စိတ်ကို အမြဲတမ်းနှလုံးသွင်း၍ ဆောင်ရွက်ကြရန်လိုကြောင်း၊ မိမိတို့ တစ်ဦးတစ်ယောက်ချင်း၏ နေထိုင်ပြောဆိုလုပ်ကိုင်မှု စည်းကမ်းစနစ်တကျရှိပြီး စွမ်းရည်ကောင်းမွန်မှုများမှတစ်ဆင့် မိမိတို့ တပ်မတော်၏ဂုဏ်ကို မြှင့်တင်ဆောင်ရွက်ကြရမည် ဖြစ်ကြောင်းဖြင့် မှာကြားသည်။

**စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများကို ပေးအပ်ရာ တပ်နယ်မှ တာဝန်ရှိသူတစ်ဦးက လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီးက တပ်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများကို ပေးအပ်ရာ နယ်မြေခံတပ်မဌာနချုပ်မှူး၏ ဇနီးကလည်းကောင်း လက်ခံရယူကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဇနီးနှင့် အဖွဲ့ဝင်များသည် ထားဝယ်မြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံသို့ သွားရောက်၍ ဆေးရုံတက်ရောက် ကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၏ ကျန်းမာရေးအခြေအနေများကို တစ်ဦးချင်း ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်သည်။

ထို့ပြင် နိုဝင်ဘာ ၃ ရက် ညနေပိုင်းတွင်လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဇနီးနှင့် အဖွဲ့ဝင်များသည် တာဝန်ရှိသူများ လိုက်ပါ၍ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ကျက်သရေဆောင် ရွှေတောင်စားစေတီတော်မြတ်ကြီးရှိ လောကမာရဇိန်ဘုရားကြီးအား သွားရောက်ဖူးမြော်ကြည်ညိုသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များအား ဂေါပကအဖွဲ့ဝင် ဦးထွန်းကြည်နှင့် အဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် လောကမာရဇိန် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကာ ပန်း၊ ရေချမ်း၊ ဆီမီး ကပ်လှူပူဇော်သည်။ ယင်းနောက် ရုပ်ပွားတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည်ပူဇော်ပြီး ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့က ဘုရားကြီးအတွက် ဘက်စုံအလှူငွေများကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များက လက်ခံရယူခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ဝန်ထမ်းများ ပျော်ရွှင်အပန်းဖြေစေရန် လှည့်လည်ဖျော်ဖြေတင်ဆက်

**နေပြည်တော် နိုဝင်ဘာ ၄**
နိုင်ငံတော်အစိုးရ၏ ယန္တရားကောင်းမွန်စွာ လည်ပတ်နိုင်ရေးအတွက် ကျရာကဏ္ဍမှ တာဝန်သိစိတ်ဖြင့် ဆောင်ရွက်နေကြသည့် ဝန်ထမ်းများကို စိတ်လက်ပေါ့ပါးစွာ အပန်းဖြေပျော်ရွှင်မှုရရှိစေရန် ရည်ရွယ်ချက်ဖြင့် စိတ်ခံတတ်ပိုင်းဆိုင်ရာ အားပေးမြှင့်တင်မှုတစ်ခုအဖြစ် တန်ဆောင်တိုင်ကာလနှင့် တိုက်ဆိုင်ကာ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ခေတ်ပေါ်တေးဂီတအဖွဲ့နှင့်အတူ နိုင်ငံကျော် တေးသံရှင်များ၊ မြန်မာ့အသံမှ တေးသံရှင်များက နေပြည်တော်ရှိ ဝန်ကြီးဌာနများသို့ လှည့်လည်ဖျော်ဖြေလျက်ရှိသည်။

အဆိုပါဖျော်ဖြေပွဲကို ယနေ့ မွန်းလွဲပိုင်းက ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးတွင် ကျင်းပရာ





**(အပေါ်ပုံ)** ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးတင်ဦးနှင့် တာဝန်ရှိသူများသည် နိုင်ငံကျော်အဆိုတော်များနှင့် မြန်မာ့အသံမှ တေးသံရှင်များကို ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဖျော်ဖြေပွဲသို့ ဒုတိယစာရင်းစစ်ချုပ် ဒေါ်နိုင်သက်ဦးနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၏ ဇနီးများ၊ အရာထမ်း၊ အမှုထမ်းများနှင့် ဝန်ထမ်းမိသားစုဝင်များ ပျော်ရွှင်စွာ ကြည့်ရှုအားပေးကြပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ခေတ်ပေါ်တေးဂီတအဖွဲ့နှင့် တွဲဖက်၍ မြန်မာ့အသံမှ တေးသံရှင်များက မြန်မာသံစဉ် တေးသီချင်းများ၊ ခေတ်ပေါ် တေးသီချင်းများဖြင့် လည်းကောင်း၊ နိုင်ငံကျော်အဆိုတော် မြန်မာပြည်သိန်းတန်က "တစ်ပါးသူမနမ်းစေချင်"၊ "မန်းမြေမှာ လေးနှစ်တာ"၊ "ရန်ကုန်မှာ ပြန်တွေ့ကြမယ်"၊ "အန်ကယ် No"၊ "ကမ္ဘာ့အပြင်ဘက်" ၊ "ရွှေသုန္ဒရီ"၊ "သောကတောင်တန်း" ၊ "နှင်းပွင့်သစ္စာ"၊ "စနေထောင့်မှာ ပန်းလှုမယ်"၊ "ယောသူတို့ရွာ" တေးသီချင်းများဖြင့် လည်းကောင်း ဖျော်ဖြေတင်ဆက်ကြရာ ဝန်ထမ်းများနှင့် မိသားစုဝင်များ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြသည်။

ထို့အတူ ညနေပိုင်းတွင် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၌ ဖျော်ဖြေပွဲကို ဆက်လက်ကျင်းပရာ ဖျော်ဖြေပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်နှင့် ဇနီး မိသားစုများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၏ ဇနီးများ၊ အရာထမ်း၊ အမှုထမ်းများနှင့် ဝန်ထမ်းမိသားစုဝင်များ ပျော်ရွှင်စွာကြည့်ရှုအားပေးကြသည်။

ဖျော်ဖြေပွဲတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ခေတ်ပေါ်တေးဂီတအဖွဲ့နှင့်အတူ မြန်မာ့အသံမှ တေးသံရှင်များက မြန်မာသံစဉ်တေးသီချင်းများ၊ ခေတ်ပေါ်တေးသီချင်းများဖြင့် လည်းကောင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ အဥ္စလီအငြိမ့်အဖွဲ့မှ ခေါင်းဆောင် မင်းသမီး မြတ်ဆုချယ်၊ ရှေ့ထွက်မင်းသမီး မြတ်သဇင်သင်း၊ လူရွှင်တော် စောမင်းနောင်၊ ဇော်မင်းထွန်း၊ လင်းဇော်နိုင်၊ ကျော်မင်းစိုး၊ မျိုးကျော်သူနှင့် စိုင်းစည်သူတို့က အငြိမ့်ကပြမှုဖြင့်လည်းကောင်း၊ နိုင်ငံကျော်အဆိုတော် မြန်မာပြည်သိန်းတန်က တေးသီချင်းများဖြင့်လည်းကောင်း ဖျော်ဖြေတင်ဆက်ကြရာ ဝန်ထမ်းများနှင့် မိသားစုဝင်များ ပျော်ရွှင်စွာ ကြည့်ရှုအားပေးကြသည်။

အဆိုပါ ဖျော်ဖြေရေး အစီအစဉ်ကို ကျန်ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်း အသီးသီးသို့လည်း ဆက်လက်သွားရောက်ပြီး ဖျော်ဖြေတင်ဆက်မည် ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ငါးသိုင်းချောင်းမြို့၌ ကတ္တရာထပ်ပိုးလွှာ ခင်းကျင်း

**ငါးသိုင်းချောင်း နိုဝင်ဘာ ၄**
ဧရာဝတီတိုင်းဒေသကြီး ငါးသိုင်းချောင်းမြို့ ဗိုလ်ချုပ်လမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်း လုပ်ငန်း (ပထမပိုင်း)ကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် မြို့စည်ပင်သာယာရေးအဖွဲ့ ငွေလုံးငွေရင်း ရန်ပုံငွေကျပ် ၂၀ ဒသမ ၁၉၅ သန်းဖြင့် အကောင်အထည်ဖော်လျက်ရှိသည်။

အဆိုပါ ဗိုလ်ချုပ်လမ်း ကတ္တရာ ထပ်ပိုးလွှာခင်းခြင်း လုပ်ငန်း (ပထမပိုင်း) အဖြစ် ဘုရားလမ်းမှ စိန်တိုးလမ်းအထိ အလျား ပေ ၅၃၀၊ အကျယ် ပေ ၂၀၊ ထု ၃ လက်မကို ခင်းကျင်းဆောင်ရွက်လျက်ရှိရာ လုပ်ငန်းတစ်ခုလုံး၏ ၇၅ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်သဖြင့် ငါးသိုင်းချောင်းမြို့ အရည်အသွေး စစ်ဆေးရေးနှင့် လက်ခံရေးကော်မတီက သတ်မှတ်စံချိန်စံညွှန်းပြည့်မီရေး၊ အရည်အသွေး ပြည့်မီမှုရှိရေးနှင့် လုပ်ငန်းအချိန်မီပြီးစီးရေးတို့ကို နိုဝင်ဘာ ၃ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**ငါးသိုင်းချောင်း(ပြန်/ဆက်)**

## လဟယ်မြို့၌ မူလတန်းကြိုကျောင်းဝတ်စုံ ၂၀၀ ထောက်ပံ့ပေးအပ်

**လဟယ် နိုဝင်ဘာ ၄**
စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့၌ လူမှုဝန်ထမ်းဦးစီးဌာနက ထောက်ပံ့သည့် မူလတန်းကြိုကျောင်းဝတ်စုံ အစုံ ၂၀၀ ထောက်ပံ့ပေးအပ်ပွဲကို နိုဝင်ဘာ ၃ ရက်က လဟယ်မြို့ မူလတန်းကြိုကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် လဟယ်မြို့ မူလတန်းကြိုကျောင်း ကျောင်းအုပ်ဆရာမ ဒေါ်ညီထုံးက မူကြိုဝတ်စုံ ပေးအပ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီးနောက် လဟယ်မြို့နယ် လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးမှူး ဦးကိုင်ဝမ်နှင့် ကျောင်းအုပ် ဆရာမတို့က မူကြိုကလေးများအတွက် ကျောင်းဝတ်စုံ ၂၀၀ ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ယွန်း(မုံရွာကိုယ်ပွား)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ကရင်ပြည်နယ် အခြေခံမဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်ရေးလုပ်ငန်းဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပွဲ တက်ရောက်

ဘားအံ နိုဝင်ဘာ ၄

ကရင်ပြည်နယ်အတွင်း အခြေခံမဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်ရေးလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည့် အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီခွဲက ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၂)၌ ကျင်းပရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်၊ စောဒန်နီရယ်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ သက်ဆိုင်ရာဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။ (ယာပုံ)



ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ရှေ့လုပ်ငန်းစဉ်(၅)ရပ်အနက် နောက်ဆုံးလုပ်ငန်းစဉ်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ မဲစာရင်းများမှန်ကန်စေရေးအတွက် မြေပြင်စာရင်းများမှန်ကန်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ မဲစာရင်းဆောင်ရွက်နိုင်ရေးအတွက် အိမ်ထောင်စုလူဦးရေစာရင်းနှင့် ကိုင်ဆောင်လက်မှတ်တစ်ခုခုရှိရမည်ဖြစ်ကြောင်း၊ မကြာမီကျင်းပမည့် ရွေးကောက်ပွဲ၌ ဥပဒေနှင့်အညီ ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့်နိုင်ငံသား၊ ညည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူများကို မဲဆန္ဒရှင် စာရင်းပြည့်စုံမှန်ကန်စေရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့် နိုင်ငံသားကတ်တစ်မျိုးမျိုးအား အချိန်မီလက်ဝယ်ရရှိကိုင်ဆောင်နိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မဲစာရင်းများ မှန်ကန်စေရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူအင်အားဝန်ကြီးဌာနတို့ပူးပေါင်း၍ မြေပြင်လူဦးရေ တိုက်ဆိုင်စစ်ဆေးခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိကြောင်း၊ ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိသော ဝန်ကြီးဌာနများအနေဖြင့် မိမိတို့ဆောင်ရွက်ရမည့် သက်ဆိုင်ရာ လုပ်ငန်းများအလိုက် အထူးအလေးထား၍ ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က ယခု နိုင်ငံတော်အစိုးရ တာဝန်ယူစဉ်ကာလအတွင်း မဲပေးပိုင်ခွင့်ရှိသူ နိုင်ငံသားတိုင်း ကိုင်ဆောင်ကတ်ပြားတစ်မျိုးမျိုး ကိုင်ဆောင်မဲပေးနိုင်ရေးအတွက် နိုင်ငံတစ်ဝန်း ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားကတ်ပြားထုတ်ပေးနေမှုနှင့် နိုင်ငံသားကတ်ပြား မပြုလုပ်ရသေးသူ မရှိစေရေးအတွက် ကောက်သင်းကောက် ဆောင်ရွက်ပေးနေမှု၊ မြေပြင်လူဦးရေစာရင်း တိုက်ဆိုင်စစ်ဆေးဆောင်ရွက်နေမှု၊ နိုင်ငံသားကတ်ထုတ်ပေးခြင်း၊ မှတ်ပုံတင်စာအုပ်(နိုင်-၄)နှင့်အိမ်ထောင်စုလူဦးရေစာရင်းပါ အချက်အလက်များအား နည်းပညာအသုံးပြု၍ ရုံးသုံး Server တွင် တစ်နေရာတည်း၌ စုစည်းထားရှိမှုနှင့် ပြင်ဆင်/ ပယ်ဖျက်/ အတည်ပြုနိုင်ရန် မိဘပြည်သူများသို့ အသိပေးထုတ်ပြန်ချက်အား နိုင်ငံပိုင်မီဒီယာများမှ ထုတ်လွှင့်ဖော်ပြနေမှု၊ လက်ရှိစာရင်းနှင့် မြေပြင်စာရင်း တိုက်ဆိုင်စစ်ဆေးကာ မှန်ကန်သောမဲစာရင်းများ ပြုစုနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည့်အစီအစဉ်၊ ယင်းလုပ်ငန်းစဉ်သည် နိုင်ငံတော်အတွက် မဖြစ်မနေဆောင်ရွက်ရမည့်လုပ်ငန်းစဉ်ဖြစ်ပြီး သက်ဆိုင်ရာ ဌာနအသီးသီးမှ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်နိုင်ရေး အခြေအနေ အစရှိသည့် အခြေခံမဲဆန္ဒရှင်စာရင်း မှန်ကန်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးခဲ့ပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ပြည်နယ်အတွင်း အခြေခံမဲဆန္ဒရှင်စာရင်း မှန်ကန်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ကရင်ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးကျော်စိုး၊ ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးစိုးလွင်တို့က မြေပြင်လူဦးရေစာရင်းတိုက်ဆိုင်စစ်ဆေးခြင်းလုပ်ငန်း မြေပြင်ဆောင်ရွက်ပြီးစီးမှုကို ရှင်းလင်းဆွေးနွေးပြီး ကရင်ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ရွေးကောက်ပွဲအရာရှိ ဦးမောင်မောင်နိုင်က မဲဆန္ဒရှင် စာရင်းများနှင့်စပ်လျဉ်း၍ ဆောင်ရွက်မှုကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များက ရှင်းလင်းဆွေးနွေးချက်များအပေါ် ဖြည့်စွက်အကြံပြုဆွေးနွေးခဲ့ကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် မန်းငြိမ်းမောင်က နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် ကရင်ပြည်နယ် ဘားအံမြို့ရှိ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရုံးများနှင့် သိုလှောင်ရုံများ၊ မူလတန်းကြိုကျောင်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၄

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်သည် ယမန်နေ့ မွန်းလွဲပိုင်းက ပြည်နယ်ဦးစီးမှူးရုံး သိုလှောင်ရုံအား ကြည့်ရှုစစ်ဆေးရာ ပြည်နယ်ဦးစီးမှူးက ကယ်ဆယ်ရေးပစ္စည်း ၁၇ မျိုး အိမ်ထောင်စု ၁၀၀၀ စာ သိုလှောင်ထားရှိမှုကို ရှင်းလင်းတင်ပြခဲ့ပြီး ပြည်ထောင်စုဝန်ကြီးက သိုလှောင်ရုံထိန်းသိမ်းရေးလက်စွဲအတိုင်း စနစ်တကျစာရင်းထားရှိဆောင်ရွက်ရန်နှင့် Inventory Management Software ကို လက်တွေ့အသုံးပြုနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန် မှာကြားသည်။**

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ရုံးဝင်းအတွင်းရှိ ခြောက်ခန်းတွဲသုံးထပ် ဝန်ထမ်းအိမ်ရာနှင့် ပြည်နယ်ဦးစီးမှူးရုံးတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက် အားပေးစကား ပြောကြားသည်။



ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ပြည်နယ်ဦးစီးမှူးရုံး အစည်းအဝေးခန်းမတွင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဝန်ထမ်းများနှင့် တွေ့ဆုံပြီး Quick Win Project များ အပါအဝင် ဌာနမှဆောင်ရွက်လျက်ရှိသော ဝန်ဆောင်မှုလုပ်ငန်းများ ထိရောက်အောင်မြင်စေရေး မိမိတို့၏ လုပ်ငန်းတာဝန်များကို တက်ကြွစွာဖြင့် ဆောင်ရွက်ရမည်ဖြစ်သည့်အပြင် မိမိတို့၏ လုပ်ဆောင်ချက်များကိုလည်း အများပြည်သူ သိရှိနိုင်ရေး အစီရင်ခံရန် လိုအပ်ပါကြောင်း၊ မိမိတို့ ဝန်ကြီးဌာနအနေဖြင့် ပြည်သူလူထုအား ဝန်ဆောင်မှုပေးရသော လုပ်ငန်းများဆောင်ရွက်ရသည့်အတွက် လိုအပ်သော ကျွမ်းကျင်မှုများရှိရန် လိုအပ်ကြောင်းနှင့် ပြည်သူလူထုအတွက် အမြဲအဆင်သင့် ဖြစ်စေလိုကြောင်း၊ ဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ရေးကိစ္စရပ်များအား အလေးထားဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြား၍ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ ဘားအံခရိုင် ဦးစီးမှူးရုံးနှင့် မြေနေရာကို ကြည့်ရှုကာ ရုံး၊ သိုလှောင်ရုံနှင့် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်နိုင်ရေးအတွက် လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ကရင်ပြည်နယ် လူမှုဝန်ထမ်းဦးစီးမှူးရုံး လက်အောက်ရှိ မူလတန်းကြိုကျောင်း အမှတ်(၁)ဘားအံသို့ သွားရောက်ပြီး မူကြိုအရွယ် ကလေးငယ်များကို ဘက်စုံဖွံ့ဖြိုးမှုရရှိရေးအတွက် ပြုစုပျိုးထောင်ပေးနေမှုကို ကြည့်ရှုစစ်ဆေးကာ အဆိုပါမူလတန်းကြိုကျောင်းတွင် ဖွင့်လှစ်ဆောင်ရွက်လျက်ရှိသော ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံ(အခမဲ့) သင်တန်းသို့ တက်ရောက်နေသော ကိုယ့်အားကိုယ်ကိုးနှင့် ပုဂ္ဂလိက မူလတန်းကြို ကျောင်းများမှ ဆရာမများကို နှုတ်ဆက်စကား ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဘားအံမြို့ အမှတ်(၉)ရပ်ကွက်ရှိ မူလတန်းကြိုကျောင်း အမှတ် (၂) ဘားအံသို့ ရောက်ရှိပြီး ကလေးများ၏ ကာယ၊ ဉာဏ၊ စာရိတ္တ၊ ပေါင်းသင်းဆက်ဆံရေးနှင့် စိတ်လှုပ်ရှားခံစားမှုဖွံ့ဖြိုးမှုရရှိစေရန် ပြုစုပျိုးထောင်ပေးနေမှု၊ အာဟာရပြည့်ဝစွာစားသုံးနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ကရင်ပြည်နယ် လူမှုဝန်ထမ်းဦးစီးမှူးရုံး၌ ကရင်ပြည်နယ်အတွင်းရှိ လူမှုဝန်ထမ်းဦးစီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ ပြန်လည်ထူထောင်ရေးဦးစီးဌာနတို့မှ အရာထမ်း/ အမှုထမ်းများနှင့် တွေ့ဆုံခဲ့ပြီး ပြည်နယ်အတွင်းရှိဌာနသုံးခုမှ ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**တိမ်အသင့်အတင့် ဖြစ်ထွန်းမည်**

နေပြည်တော် နိုဝင်ဘာ ၄

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးထစ်ချုန်းရွာနိုင်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။ **မိုး/ဇလ**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ (၆၇)နှစ်မြောက်ကရင်ပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ထွန့်ပတိုင်ရေကန်အဝင်လမ်း ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ တက်ရောက်



**ဘားအံ နိုဝင်ဘာ ၄**

(၆၇) နှစ်မြောက် ကရင်ပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ထွန့်ပတိုင်ရေကန်အဝင်လမ်း ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကို ယနေ့ နံနက် ၈ နာရီက ဘားအံမြို့နယ် ကော့သင်းရှူးကျေးရွာအုပ်စုရှိ အဆိုပါလမ်းမုခ်ဦး၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့ တက်ရောက် ဖွင့်လှစ်ပေးကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်၊ အဖွဲ့ဝင် စောဒန်နီရယ်၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးမြင့်ကြိုင်၊ ဒေါက်တာပွင့်ဆန်း၊ ဦးမင်းသိန်း၇၊ ဒေါက်တာသက်သက်ခိုင်၊ ဦးစောထွန်းအောင်မြင့်၊ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် အစိုးရအဖွဲ့ဝင်များသည် ထွန့်ပတိုင်ချမ်းသာကြီးကျောင်းဆောင်၌ ထွန့်ပတိုင်ရေကန် ဦးစီးတည်ထောင်သူ ကျောက်ကလပ်ကျောင်းဆရာတော်ဘဒ္ဒန္တဝိမလအား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မအလှူတော်ငွေများ ဆက်ကပ်လှူဒါန်းကြသည်။

**ဒေသ၏ခရီးသွားလုပ်ငန်း တိုးတက်လာမည်**

ထို့နောက် ထွန့်ပတိုင်ရေကန် အဝင်လမ်း ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ယခင်မူလရေကန်အဝင်လမ်းသည် မြေသားလမ်းဖြစ်ပြီး လမ်းအရှည် ၅ ဖာလုံအား ၁၄ ပေအကျယ် ကွန်ကရစ်လမ်းအဖြစ် ဆောင်ရွက်ပေးနိုင်ခဲ့ခြင်းကြောင့် ခရီးသွားပြည်သူများ၊ ဒေသခံပြည်သူများအတွက် အသွားအလာအဆင်ပြေချောမွေ့သွားပြီဖြစ်ကြောင်း၊ ထွန့်ပတိုင်ရေကန်အဝင်လမ်းသည် ခရီးသွားပြည်သူများ အသွားအလာများသောနေရာတစ်ခုဖြစ်ပြီး ယခုကဲ့သို့ ကွန်ကရစ်လမ်းသစ်ကို ဖွင့်လှစ်ပေးနိုင်ခဲ့သည့်အတွက် ဒေသ၏ခရီးသွားလုပ်ငန်း တိုးတက်လာမည်ဖြစ်သည့်အပြင် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ကရင်ပြည်နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး (မြို့ပြ) က လမ်းနှင့်ပတ်သက်သည့် အချက်အလက်များကို ရှင်းလင်းတင်ပြပြီး ကျေးလက်နေပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြားကာ ပြည်နယ်လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ရဲမှူးကြီးခင်ဇော်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များနှင့် ပြည်ထောင်စုဝန်ကြီးများအား လမ်းဖွင့်ပွဲအထိမ်းအမှတ်လက်ဆောင်များအား လက်ရောက်ပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်၊ စောဒန်နီရယ်၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးမြင့်ကြိုင်၊ ဒေါက်တာပွင့်ဆန်း၊ ဦးမင်းသိန်း၇၊ ဒေါက်တာသက်သက်ခိုင်၊ ဦးစောထွန်းအောင်မြင့်နှင့် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးတို့သည် ကွန်ကရစ်လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး **(အပေါ်ပုံ)** လမ်းအားဖြတ်သန်းကြည့်ရှုစစ်ဆေးကြကာ လမ်းဖွင့်ပွဲအခမ်းအနားတွင် လာရောက်သီဆိုကပြဖျော်ဖြေပေးကြသည့် ယဉ်ကျေးမှုအဖွဲ့များအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ယနေ့ဖွင့်လှစ်သည့် ကွန်ကရစ်လမ်းသစ်သည် အရှည် ၅ ဖာလုံ၊ အကျယ် ၁၄ ပေရှိပြီး ၂၀၂၂-၂၀၂၃ ခု ဘဏ္ဍာရေးနှစ် ပြည်နယ် ငွေလုံးငွေရင်းရန်ပုံငွေကျပ် ၁၉၄ ဒသမ ၅၅၅ သန်းဖြင့် Burma Palace ကုမ္ပဏီမှ တင်ဒါအောင်မြင်ဆောင်ရွက်ပြီးစီး၍ ယနေ့ ဖွင့်ပွဲ အခမ်းအနားကို ကျင်းပခြင်းဖြစ်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များသည် ထွန့်ပတိုင်ကန်တော်မင်္ဂလာနှင့် ထွန့်ပတိုင်တံတားတို့ကို လှည့်လည်ကြည့်ရှုကြပြီး ထွန့်ပတိုင်(ထမ္မတိုင်) တောင်ခြေ ကျောက်သားနံရံ၌ မြတ်စွာဘုရားရှင်အား ရည်မှန်းပုံဖော်ထုဆစ်ထားသော နဂါးရုံဗုဒ္ဓရုပ်ပွားတော်အား ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များသည် ဘားအံမြို့နယ် နောင်လုံ(အရှေ့)ကျေးရွာ၊ ကွင်းအမှတ် ၁၁၄၇၊ တောင်သူဦးမောင်ရှိန်၏ လယ် ၅ ဧက အတွင်း ဆောင်းဆီထွက်သီးနှံ နေကြာမျိုးစေ့ပေးအပ်ခြင်းနှင့် အစေ့ချကိရိယာဖြင့် စိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲကို တက်ရောက်အားပေးကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်က စားနပ်ရိက္ခာဖူလုံရေးနှင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍသည် အရေးကြီးသည့် အခန်းကဏ္ဍတွင် ပါဝင်နေပြီး အရှိန်အဟုန်မြှင့် ဆောင်ရွက်ရန်လိုကြောင်း၊ ယခုကဲ့သို့ မိုးစပါးအပြီးတွင် အခြားအလားအလာရှိသည့်သီးနှံများကို နှစ်သီးမှ သုံးသီးအထိစိုက်ပျိုးထုတ်လုပ်မှသာလျှင် ဆန်/ဆီ/ပဲ ဖူလုံပိုလျှံပြီး ပြည်နယ်၏ စီးပွားရေး၊ လူမှုရေး သာယာဝပြောလာမည်ဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့်လည်း စားနပ်ရိက္ခာဖူလုံရေးနှင့် သီးနှံများတိုးမြှင့်ထုတ်လုပ်နိုင်ရေးလုပ်ငန်းများကို အောင်မြင်စွာဆောင်ရွက်နိုင်ရန် ပြည်နယ်၏လိုအပ်ချက်၊ တောင်သူလယ်သမားများ၏ လိုအပ်ချက်များကို ရှေးရှုပြီး အဘက်ဘက်မှ အားပေးကူညီပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**နေကြာမျိုးစေ့များ ထောက်ပံ့ပေးအပ်**

ယင်းနောက် ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ပြည်နယ်အတွင်း စိုက်ပျိုးထုတ်လုပ်မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် မန်းငြိမ်းမောင်၊ စောဒန်နီရယ်၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က ဆောင်းဆီထွက်သီးနှံ နေကြာစိုက်ပျိုးကြမည့် အိန္ဒူ၊ လွန်းညာ၊ နောင်လုံ (အရှေ့)၊ နောင်လုံ(အနောက်)၊ အိန္ဒဲကျေးရွာများမှ တောင်သူများကို နေကြာမျိုးစေ့များ ထောက်ပံ့ပေးအပ်ရာ တောင်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များသည် ဆောင်းဆီထွက်သီးနှံ နေကြာအစေ့ချကိရိယာဖြင့် စိုက်ပျိုးခြင်း လက်တွေ့သရုပ်ပြသမှုကို ကြည့်ရှုကြပြီး ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော တောင်သူပညာပေးပြခန်းငယ်များနှင့် သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာများကို တောင်သူများထံ ဈေးနှုန်းချိုသာစွာ ရောင်းချပေးနေသည့် အခြေအနေများကို ကြည့်ရှုအားပေးကြသည်။

အလားတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်သည် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယမန်နေ့ မွန်းလွဲပိုင်းက တောင်ကလေးပရိယတ္တိ၊ ပဋိပတ္တိ သာသနာ့အေးရိပ်သာနာယကချုပ်၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တ ပညာသာမိ(တောမီရဟန်း) အရှင်သူမြတ်အား သွားရောက်ဖူးမြော်ကြည်ညို၍ သာသနာရေးဆိုင်ရာများနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာများအား လျှောက်ထားတင်ပြကာ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မအလှူတော်ငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

○ *ကျောဖုံးမှ*

ရည်ရွယ်ချက်ဖြင့် နိုဝင်ဘာ ၃ ရက်နှင့် ၄ ရက်တို့တွင် ဘုရားဖူးပြည်သူများအား တောင်တက်ကား (အခမဲ့) အတက်အဆင်း ပို့ဆောင်ခြင်း၊ ကင်မွန်းစခန်းတောင်ခြေတွင် စတုဒိသာညှော်ခံကျွေးမွေးခြင်း၊ တောင်တော်ရင်ပြင်တွင် စတုဒိသာများကျွေးမွေးခြင်း၊ ရိုးရိုးလေးဟိုတယ်နှင့် တည်းခိုဆောင်များတွင် (အခမဲ့)တည်းခိုခွင့်ပြုခြင်း၊ တောင်တော်ရင်ပြင်ရှိ တည်းခိုဆောင်များ၌ အခမဲ့တည်းခိုခွင့်ပြုခြင်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထို့ပြင် ကျိုက်ထီးရိုးစေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနိယပွဲတော်ကို လာရောက်ကြသည့် ဘုရားဖူးပြည်သူများ လုံခြုံအေးချမ်းစွာဖြင့် လာရောက်ဖူးမြော်နိုင်ရေးအတွက် ဆံတော်ရှင် ကျိုက်ထီးရိုးဂေါပကအဖွဲ့နှင့် တာဝန်ရှိသူများ ပူးပေါင်း၍ ကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ပြည့်ဖြိုး(ကျိုက်ထို)**

---

❑ *ကျောဖုံးမှ*

ရှမ်းယူနိုက်တက်အသင်းသည် ၂၀၁၉ ရာသီက ချန်ပီယံဆုရရှိရာတွင် ရှုံးပွဲမရှိစံချိန်ဖြင့် ရရှိခဲ့ခြင်းဖြစ်ပြီး MNL ပြိုင်ပွဲသမိုင်းတစ်လျှောက် ရှုံးပွဲမရှိဘဲ ချန်ပီယံဆုရရှိသည့် ပထမဆုံးအသင်းအဖြစ်လည်း မှတ်တမ်းဝင်ထားသည်။ ရှမ်းယူနိုက်တက်အသင်းသည် ယခုရာသီတွင်လည်း ရှုံးပွဲမရှိစံချိန်ဖြင့် ချန်ပီယံဆု ထပ်မံရယူနိုင်ရန် နီးစပ်နေပြီး လက်ကျန်နှစ်ပွဲတွင် ရှုံးပွဲမရှိအောင် ကစားနိုင်ရုံဖြင့် ဒုတိယအကြိမ်မှတ်တမ်းကောင်း ပိုင်ဆိုင်မည်ဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် လက်ကျန်ပွဲများအဖြစ် GFA အသင်း၊ အား/ကာသိပွဲအသင်းတို့နှင့် ကစားရမည်ဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် ပွဲစဉ် (၁၈) အပြီးတွင် ၁၆ ပွဲကစား ရမှတ် ၄၂ မှတ်ဖြင့် ဒုတိယနေရာမှ ရန်ကုန်အသင်းကို ခုနစ်မှတ်ဖြတ်ကာ ချန်ပီယံဆုကို စောစီးစွာ ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

MNL ပြိုင်ပွဲကို ၂၀၀၉ ခုနှစ်တွင် စတင်ကျင်းပခဲ့ပြီး ယခုရာသီတွင် (၁၃) ကြိမ်မြောက်အဖြစ် ကျင်းပနေကာ ချန်ပီယံဆုကို သုံးသင်းသာ ဆွတ်ခူးရရှိထားသည်။ ချန်ပီယံဆုကို ရန်ကုန်အသင်းက ငါးကြိမ်၊ ရတနာပုံနှင့် ရှမ်းယူနိုက်တက်အသင်းက လေးကြိမ်စီ ရရှိထားခြင်းဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် ၂၀၁၇ ရာသီမှသာ ပထမဆုံးဗိုလ်စွဲခဲ့သော်လည်း နောက်ဆုံးငါးရာသီအတွင်း လေးကြိမ်အထိ ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။

**ရဲရင့်လွင်**

---

## ပုသိမ်မြို့နယ်၌ အများပြည်သူများသို့ ငါး၊ ပုစွန်များ အခမဲ့ဝေငှ လှူဒါန်း

**နေပြည်တော် နိုဝင်ဘာ ၄**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနက ကြီးကြပ်၍ ပုသိမ်မြို့ အမှတ်(၇) ရပ်ကွက်တွင် ဦးတင်အုန်း (K.T.O) ငါး၊ ပုစွန်ရောင်းဝယ်ရေးမှ လူတစ်ဦးလျှင် ငါး၊ ပုစွန် ၅၀ ကျပ်သားလူဦးရေ ၁၀၀၀ အတွက် စုစုပေါင်း ရေငန်ငါး၊ ပုစွန် ကုန်ချိန် ၅၀၀ ပိဿာကို အခမဲ့ဝေငှလှူဒါန်းခြင်းကို ယနေ့နံနက်ပိုင်းက ကမ်းနားလမ်း၌ ပြုလုပ်သည်။

အဆိုပါ ပြည်သူများသို့ ငါး/ပုစွန်များ အခမဲ့ဝေငှလှူဒါန်းခြင်းကို ဒုတိယတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးမှူး ဦးမြသိန်း၊ ပုသိမ်ခရိုင်ဦးစီးမှူး ဦးအေးနိုင်၊ ပုသိမ်မြို့နယ်ဦးစီးမှူး ဒေါ်ဝင်းဝင်းသန်း၊ ပုသိမ်ငါးလုပ်ငန်းစခန်းတာဝန်ခံ ဦးမျိုးနိုင်ဦး၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှ ဝန်ထမ်းများ၊ အမှတ်(၇)ရပ်ကွက် အုပ်ချုပ်ရေးမှူးနှင့် ရာအိမ်မှူးများ၊ ရပ်မိရပ်ဖများ တက်ရောက်အားပေး၍ ကြီးကြပ်ဆောင်ရွက်ပေးခဲ့ပြီး ပုသိမ်မြို့နယ်အတွင်း အများပြည်သူသို့ငါးများအခမဲ့ ဝေငှခြင်းမှာ ဒုတိယအကြိမ်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ ရေအရည်အသွေး၊ လေအရည်အသွေး တိုင်းတာစက်များဖြင့် တိုင်းတာဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၄**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ယနေ့နံနက်ပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ရှိ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာနရုံးတွင် ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

**ရှင်းလင်းတင်ပြ**

တွေ့ဆုံစဉ် တိုင်းတာဝန်ခံများက သစ်တောကဏ္ဍ၊ သတ္တုကဏ္ဍနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကဏ္ဍများနှင့် ပတ်သက်၍ အကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှုကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

**တိုင်းတာဆောင်ရွက်နေမှုကြည့်ရှု**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ထားဝယ်မြို့ရှိ ဦးစီးဌာန၊ လုပ်ငန်းရုံးများအား လိုက်လံကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့် တွေ့ဆုံကာ လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်းပေးသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနရုံး ဓာတ်ခွဲခန်းရှိ ရေအရည်အသွေး၊ လေအရည်အသွေး တိုင်းတာစက်များဖြင့် တိုင်းတာဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် (၃၄)နှစ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့အခမ်းအနား တက်ရောက်

**မုံရွာ နိုဝင်ဘာ ၄**

(၃၄)နှစ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ ရုံးဝင်း အတွင်းရှိ ချင်းတွင်းခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများနှင့် တာဝန်ရှိသူများ တက်ရောက် ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်က အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများသည် ပေးအပ်သည့်တာဝန်များကို ကျေပွန်စွာဖြင့် ဟန်ချက်ညီညီ လိုက်ပါဆောင်ရွက်နိုင်ခဲ့ကြကာ ဌာန၏ ပင်မလုပ်ငန်းတာဝန်များအပြင် နိုင်ငံတော်အစိုးရ၊ တိုင်းဒေသကြီး အစိုးရတို့မှ ပေးအပ်သော လုပ်ငန်းတာဝန်များ၊ အခြားဝန်ကြီးဌာနများမှ လွှဲပြောင်းပေးအပ်သော လုပ်ငန်းတာဝန်များကို အောက်ခြေရပ်ကွက်/ကျေးရွာအဆင့်အထိ ဖွဲ့စည်းခန့်အပ်ထားရှိသော အုပ်ချုပ်ရေးဝန်ထမ်း အဆင့်ဆင့် တို့၏ တာဝန်ကျေပွန်မှုတို့ဖြင့် အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ မိမိတို့ဌာန၏ ထမ်းဆောင်ရမည့်တာဝန်များ၊ စောင့်ထိန်းရမည့် ကျင့်ဝတ်စည်းကမ်းများကို လိုက်နာစောင့်ထိန်းထမ်းဆောင်လျက် နိုင်ငံတော်နှင့် ပြည်သူ တစ်ရပ်လုံးက အားထားရသော အုပ်ချုပ်ရေးဌာနကြီးနှင့် အုပ်ချုပ်ရေး ဝန်ထမ်းကောင်းများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားသည်။




ယင်းနောက် တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ တိုင်းအုပ်ချုပ်ရေးမှူး ဦးခင်မောင်ဆန်းက အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန သမိုင်းကြောင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က နိုင်ငံ့ဝန်ထမ်း တက္ကသိုလ် ဇီးပင်ကြီးတွင် ဖွင့်လှစ်သည့် အုပ်ချုပ်မှုစွမ်းရည်မြင့်မားရေး သင်တန်းတွင် စစ်ရေးပြထူးချွန်ဆုရရှိသော ဒေါ်ဇင်မာချော ဦးစီးအရာရှိကို ဂုဏ်ပြုဆုငွေပေးအပ်ချီးမြှင့်ပြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများအတွက် အမျိုးသား၊ အမျိုးသမီး တူညီဝတ်စုံများအား တာဝန်ရှိသူများထံ ထောက်ပံ့ပေးအပ်သည်။(ဓာတ်ပုံ)

ထို့ပြင် နံနက်ပိုင်းတွင် (၃၄) နှစ်မြောက် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန နှစ်ပတ်လည်နေ့ အထိမ်းအမှတ် တိုင်းဒေသကြီးအစိုးရအဖွဲ့ ရုံးဝင်းအတွင်းရှိ ဓမ္မာရုံတွင် မုံရွာမြို့ပေါ်ရှိ ကျောင်းတိုက်ကြီးများမှ ဆရာတော်ကြီးများအား အရုဏ်ဆွမ်းများ ဆက်ကပ်လှူဒါန်းသည်။

အလားတူ အမှတ် (၄) တပ်မတော် ခုတင် ၃၀၀ ဆံ့ဆေးရုံ မုံရွာမြို့တွင် (၃၄)နှစ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် တိုင်းဒေသကြီး/ခရိုင်/မြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်း ဝန်ထမ်းများက စုပေါင်း သွေးလှူဒါန်းကြသည်။

အဆိုပါ စုပေါင်းသွေးလှူဒါန်းနေမှုများနှင့် ဆေးကုသမှုခံယူနေသော ဒေသခံပြည်သူများကို တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ အနောက် မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် သန်းထိုက်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များက သွားရောက်ကြည့်ရှုအားပေးကြပြီး အာဟာရဖြည့်စွက်စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် နိုဝင်ဘာ ၄**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မန္တလေး တိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် (၄)ရပ်ကွက်နေ ရဲထက်ပိုင် (ခ) ရွှေအိုးစည်သည် ၎င်းအသုံးပြုသည့် “Ye Htet Paing” Facebook အကောင့်၊ ချမ်းမြသာစည်မြို့နယ် ကျွန်းလုံးဥသျှောင်ရပ်ကွက်နေ ထက်ဇော်လင်း(ခ) ရားရားသည် ၎င်းအသုံးပြုသည့် “Htet Zaw Linn” Facebook အကောင့်၊ ပြင်ဦးလွင်မြို့နယ် မိုးကြိုး(မြောက်) ကျေးရွာနေ သီတာခိုင်(ခ) အေးခိုင်(ခ) အေးအေးခိုင်သည် ၎င်းအသုံးပြုသည့် “Aye Khaing” Facebook အကောင့်နှင့် သပိတ်ကျင်းမြို့နယ် ဆိပ်ကမ်းရပ်ကွက်နေ ကျော်ဇင်သန့် (ခ) ဖိုးဇင်သည် ၎င်းအသုံးပြုသည့် “Kyaw Zin Thant” Facebook အကောင့်၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ဗထူးရပ်ကွက်နေ ကောင်းခန့်စံ (ခ) စိုးအာကာသည် ၎င်းအသုံးပြုသည့် “Kaung Khant San” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမှုလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# လှိုင်းဘွဲ့မြို့အဝင် စစ်ဆေးရေးဂိတ်၌ ခရီးသွားပြည်သူများအား ကိုဗစ်-၁၉ ရောဂါ အခမဲ့စစ်ဆေးပေးလျက်ရှိ

**လှိုင်းဘွဲ့ နိုဝင်ဘာ ၄**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် မြို့အဝင် စစ်ဆေးရေးဂိတ်၌ ခရီးသွားပြည်သူများအား RDT Tast kit ဖြင့် ကိုဗစ်-၁၉ အခမဲ့စစ်ဆေးပေးခြင်းကို မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများက နိုဝင်ဘာ ၁ ရက်မှစ၍ ထပ်မံဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ကိုဗစ်-၁၉ အခမဲ့စစ်ဆေးပေးခြင်းလုပ်ငန်းများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းသန်း ဦးဆောင်၍ ကျန်းမာရေးဝန်ထမ်းများနှင့်အတူ နယ်မြေခံတပ်ဖွဲ့ဝင်များ၊ နယ်ခြားစောင့်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များက ပူးပေါင်းဆောင်ရွက်ပေးပြီး ခရီးသွားပြည်သူများကို နှာခေါင်းစည်းများ အခမဲ့ပေးဝေလျက်ရှိကြောင်း သိရသည်။

**လင်းသန့်**
**(ပြန်/ဆက်)**

# ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေရယူထားသူများအနေဖြင့် ချေးငွေကာလ သက်တမ်း (၂) နှစ် စေ့ရောက်သည့်နေ့မှစ၍ နောက်ထပ် (၁) နှစ် ထပ်မံ သက်တမ်းတိုးမြှင့်ပေးပါကြောင်း အသိပေးကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့်**
**စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ**
**သတင်းထုတ်ပြန်ချက်(၃/၂၀၂၂)**
**၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်**

၁။ ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ၏တာဝန်များအနက်ကိုဗစ်-၁၉ကြောင့်စီးပွားရေးထိခိုက်မှုများကိုပြန်လည်ကုစားနိုင်ရေးအတွက် ထိခိုက်မှုအများဆုံးဖြစ်သည့် လုပ်ငန်းများအား ဦးစားပေးကဏ္ဍအလိုက် ကိုဗစ်-၁၉ ရန်ပုံငွေ ကျပ် ၂၀၀ ဘီလီယံမှ ကုမ္ပဏီ/ လုပ်ငန်းစုစုပေါင်း ၅,၉၉၀ ခု၊ ချေးငွေပမာဏ ကျပ် ၁၅၈.၄၄၃၈ ဘီလီယံကို ချေးငွေသက်တမ်း တစ်နှစ် (အတိုးနှုန်း ၁ %) သတ်မှတ်ပြီး ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၉ ရက်နေ့မှစ၍ အောက်ပါလုပ်ငန်းများအား ဦးစားပေးချေးငွေများ ခွင့်ပြုထုတ်ချေးပေးခဲ့ပါသည်-

(က) CMP လုပ်ငန်းများ၊
(ခ) ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ၊
(ဂ) အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများ၊
(ဃ) စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေထွက်ပစ္စည်း ထုတ်လုပ်သည့်လုပ်ငန်းများ၊
(င) ပြည်ပပို့ကုန် ထုတ်လုပ်သည့် ကုန်ထုတ်လုပ်ငန်းများ၊
(စ) သွင်းကုန် အစားထိုးပစ္စည်းထုတ်လုပ်သည့် ကုန်ထုတ်လုပ်ငန်းများ၊
(ဆ) ပြည်တွင်းထုတ်လုပ်မှုမှ ပြည်ပတင်ပို့သည်အထိ ထုတ်လုပ်မှုကွင်းဆက် (Supply Chain) တစ်လျှောက် ပါဝင်ဆောင်ရွက်သည့် လုပ်ငန်းများ၊
(ဇ) စားသောက်ကုန်ထုတ်လုပ်သည့် ကုန်ထုတ်လုပ်ငန်းများ၊
(ဈ) ပြည်ပအလုပ်အကိုင် ဝန်ဆောင်မှုလုပ်ငန်းများ၊
(ည) အသက်မွေးဝမ်းကျောင်း ပညာသင်ကျောင်းများ။

၂။ နိုင်ငံတော်အနေဖြင့် အဆိုပါ ချေးငွေထုတ်ပေးခဲ့သည့် ကုမ္ပဏီ/ လုပ်ငန်း ၅,၉၉၀ ခုကို ၂၀၂၁ ခုနှစ်၊ မတ်လ ၁၇ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်ဖြင့် ချေးငွေပြန်ဆပ်ရန်ကာလအား ချေးငွေကာလ သက်တမ်းတစ်နှစ် စေ့ရောက်သည့်နေ့မှစ၍ ပထမအကြိမ်အဖြစ် (၆) လ သက်တမ်းတိုးမြှင့်ပေးပါကြောင်းနှင့် ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်နေ့တွင် ချေးငွေပြန်ဆပ်ရန်ကာလကို ချေးငွေကာလ သက်တမ်း (၁) နှစ် (၆) လ စေ့ရောက်သည့်နေ့မှစ၍ ဒုတိယအကြိမ်အဖြစ် နောက်ထပ် (၆) လ ထပ်မံ သက်တမ်းတိုးမြှင့်ပေးပါကြောင်း သတင်းထုတ်ပြန် ကြေညာခဲ့ပြီးဖြစ်သဖြင့် စုစုပေါင်း သက်တမ်း (၁) နှစ် တိုးပေးခဲ့ပြီး ဖြစ်ပါသည်။

၃။ ယခုအခါ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် စီးပွားရေးလုပ်ငန်းများ ထိခိုက်မှုများ ထပ်မံရှိနေပြီး ပြည်တွင်းရှိ စီးပွားရေးလုပ်ငန်းများ ငွေကြေးလည်ပတ်မှု အဆင်ပြေချောမွေ့စေရေးအတွက် ချေးငွေပြန်လည်ပေးဆပ်ရမည့်ကာလကို ချေးငွေပြန်လည်ပေးဆပ်ရန် ကာလစေ့ရောက်သည့် နေ့မှစ၍ နောက်ထပ် (၁) နှစ် ထပ်မံ သက်တမ်းတိုးမြှင့်ပေးရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက လမ်းညွှန်ခဲ့ပါသည်။

၄။ သို့ပါ၍ ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေ ရယူထားသည့် ကုမ္ပဏီ/ လုပ်ငန်း ၅,၉၉၀ ခု အနေဖြင့် အောက်ပါအခြေအနေများဖြင့် ကိုက်ညီသူများအား ချေးငွေပြန်ဆပ်ရန် ကာလကို ချေးငွေကာလ သက်တမ်း (၂) နှစ် စေ့ရောက်သည့်နေ့မှစ၍ နောက်ထပ် (၁) နှစ် ထပ်မံ သက်တမ်းတိုးမြှင့်ပေးပါကြောင်း အသိပေးကြေညာအပ်ပါသည်-

(က) ပထမနှစ်အတွက် ပထမအကြိမ် အတိုးများအား ပေးဆပ်ပြီး ဖြစ်ရပါမည်၊
(ခ) ဒုတိယနှစ်အတွက် ဒုတိယအကြိမ် အတိုးများအား ကာလပြည့်မီက ပေးဆပ်ပြီး ဖြစ်ရပါမည်၊
(ဂ) ချေးငွေအား ရည်ရွယ်ချက်အတိုင်း ထိရောက်အောင် ဆောင်ရွက်လျက်ရှိသည့် ကုမ္ပဏီ/ လုပ်ငန်း ဖြစ်ရပါမည်။

၅။ လုပ်ငန်းကော်မတီက ခွင့်ပြုခဲ့သည့် ချေးငွေထုတ်ယူခွင့်ပြုကြောင်း အကြောင်းကြားစာတွင် "ပြန်လည်ပေးဆပ်ရန် ပျက်ကွက်ပါက ဥပဒေနှင့်အညီ ဆက်လက်အရေးယူ ဆောင်ရွက်ခံရမည်ဖြစ်ပါကြောင်း" အသိပေးဖော်ပြပါရှိသဖြင့် မြန်မာ့စီးပွားရေးဘဏ်မှ ချေးငွေထုတ်ယူထားသည့် ကုမ္ပဏီ/ လုပ်ငန်းများအနေဖြင့် ချေးငွေ အရင်း၊ အတိုး ပြန်လည်ပေးဆပ်ရန် ပျက်ကွက်ပါက ချေးငွေ သဘောတူစာချုပ်ပါအတိုင်း ဘဏ်လုပ်ထုံးလုပ်နည်းနှင့်အညီ တရားမကြောင်းအရ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် သက်တမ်းတိုးမြှင့်ရန် ခွင့်ပြုထားသည့်ကာလအတွင်း အပြီးသတ်အပြေအကျေပေးဆပ်ရန် အသိပေးကြေညာအပ်ပါသည်။

**ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေး**
**သက်ရောက်မှုများအပေါ် ကုစားရေး လုပ်ငန်းကော်မတီ**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၅-၁၁-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၁၁၅ | ၂၁၆၀ | ၂၁၅၅ | ၂၁၂၀ | ၂၁၆၀ | ၂၁၈၀ | ၂၁၆၅ | ၂၁၄၅ | ၂၂၄၀ | ၂၂၅၅ | ၂၁၅၀ | ၂၁၆၀ | ၂၁၉၅ | ၂၁၉၅ | ၂၂၀၀ | ၂၄၂၀ | ၂၉၂၀ |
| 95 Ron | ၂၂၃၀ | ၂၂၇၅ | ၂၂၇၅ | ၂၂၄၀ | ၂၂၇၅ | ၂၂၉၅ | ၂၂၈၅ | ၂၂၆၀ | ၂၃၅၅ | ၂၃၇၀ | ၂၂၆၅ | ၂၂၈၅ | ၂၃၁၀ | ၂၃၁၀ | ၂၃၁၅ | ၂၅၃၅ | ၃၀၀၀ |
| HSD (500 ppm) | ၂၆၅၀ | ၂၆၉၅ | ၂၆၉၀ | ၂၆၅၅ | ၂၆၉၅ | ၂၇၁၅ | ၂၇၁၀ | ၂၆၈၀ | ၂၇၉၅ | ၂၇၉၀ | ၂၆၈၅ | ၂၆၉၅ | ၂၇၃၀ | ၂၇၃၀ | ၂၇၃၅ | ၂၉၅၀ | ၃၆၄၀ |
| HSD (50 ppm) | ၂၇၂၀ | ၂၇၇၀ | ၂၇၆၅ | ၂၇၃၀ | ၂၇၆၅ | ၂၇၉၀ | ၂၇၈၅ | ၂၇၅၅ | ၂၈၇၀ | ၂၈၆၅ | ၂၇၆၀ | ၂၇၇၀ | ၂၈၀၅ | ၂၈၀၅ | ၂၈၀၅ | ၃၀၂၅ | ၃၆၇၀ |
| HSD (10 ppm) | ၂၇၂၀ | ၂၇၇၀ | ၂၇၆၅ | ၂၇၃၀ | ၂၇၆၅ | ၂၇၉၀ | ၂၇၈၅ | ၂၇၅၅ | ၂၈၇၀ | ၂၈၆၅ | ၂၇၆၀ | ၂၇၇၀ | ၂၈၀၅ | ၂၈၀၅ | ၂၈၀၅ | ၃၀၂၅ | ၃၆၇၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၀၁၃ | ၂၀၈၆ |
| 95 Ron | ၂၁၂၅ | ၂၂၀၁ |
| HSD (500 ppm) | ၂၅၃၁ | ၂၆၁၂ |
| HSD (50 ppm) | ၂၆၀၃ | ၂၆၈၄ |
| HSD (10 ppm) | ၂၆၀၃ | ၂၆၈၄ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။
(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆
၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# အစ္စရေးဝန်ကြီးချုပ်ဟောင်း အာဏာပြန်လည်ရရှိနိုင်ခြေရှိပြီး အစိုးရအဖွဲ့ ဖွဲ့စည်းနိုင်ခြေရှိ

**တဲလ်အဗစ် နိုဝင်ဘာ ၄**

အစ္စရေးဝန်ကြီးချုပ်ဟောင်း ဘင်ဂျမင်နေတန်ယာဟုသည် အာဏာပြန်လည်ရရှိနိုင်ခြေရှိပြီး အစိုးရအဖွဲ့ ဖွဲ့စည်းနိုင်ခြေရှိသည်ဟု သိရသည်။ ယခုသီတင်းပတ်အစပိုင်းတွင် ပြုလုပ်ခဲ့သည့် အမျိုးသားရွေးကောက်ပွဲတွင် ၎င်း၏ လက်ယာယိမ်းပါတီနှင့် အများစုသော လက်ယာစွန်းရောက် အင်အားစုများမှာ အနိုင်ရရှိခဲ့သည်။

သုံးနှစ်ခွဲ ကာလအတွင်း ငါးကြိမ်မြောက်ပြုလုပ်ခဲ့သည့် ရွေးကောက်ပွဲရလဒ်ကို နိုဝင်ဘာ ၃ ရက်တွင် အစ္စရေးရွေးကောက်ပွဲအရာရှိများက ကြေညာခဲ့သည်။ နေတန်ယာဟု၏ လီကွတ်ပါတီသည် ၃၂ နေရာအနိုင်ရရှိခဲ့ပြီး ဥပဒေပြုလွှတ်တော် နေရာ ၁၂၀ တွင် နေရာအများဆုံးရရှိသည့်ပါတီ ဖြစ်လာခဲ့သည်။

နေတန်ယာဟုနှင့်၎င်း၏ မဟာမိတ်များမှာ ၆၄ နေရာ အနိုင်ရရှိထားသည့်အတွက် ပါလီမန်ကို အဓိက ထိန်းချုပ်နိုင်မည်ဖြစ်သည်။ ညွန့်ပေါင်းအစိုးရဖွဲ့ရန်အတွက်လည်း ဆွေးနွေးမှုများကိုစတင်သွားဖွယ် ရှိသည်။ ညွန့်ပေါင်းအစိုးရအဖွဲ့မှာ အစ္စရေးနိုင်ငံတွင် လက်ယာယိမ်းအစိုးရ ဖြစ်လာနိုင်သည်ဟု လေ့လာသူများက ပြောသည်။ အစ္စရေးတွင် လက်ယာစွန်းများ ခေါင်းထောင်လာနိုင်သည့်အတွက် အမေရိကန် သမ္မတ ဂျိုးဘိုင်ဒင်အစိုးရအဖွဲ့က စိုးရိမ်နေသည်ဟု အမေရိကန်မီဒီယာများတွင် ဖော်ပြကြသည်။

**အင်န်အိတ်ချ်ကေ**



အစ္စရေးဝန်ကြီးချုပ်ဟောင်း ဘင်ဂျမင်နေတန်ယာဟု အခမ်းအနားတစ်ခုတွင် မိန့်ခွန်းပြောနေစဉ်။

# ပါကစ္စတန် ဝန်ကြီးချုပ်ဟောင်း အင်မရန်ခန်း ပစ်ခတ်ခံရပြီးနောက် ပြန်လည်သက်သာလာပြီဖြစ်

**အစ္စလာမ္မာဘတ် နိုဝင်ဘာ ၄**

ပါကစ္စတန် ဝန်ကြီးချုပ်ဟောင်း အင်မရန်ခန်းသည် နိုဝင်ဘာ ၄ ရက်က သေနတ်ဖြင့် ပစ်ခတ်ခံရပြီးနောက် ခြေထောက်တွင် ဒဏ်ရာရရှိခဲ့ရာ ယခုအခါ ၎င်း၏အခြေအနေမှာပြန်လည်သက်သာလာပြီဟု သိရသည်။ ၎င်းလိုက်ပါလာသည့်ယာဉ်တန်းကို သေနတ်သမား တစ်ဦးက ပစ်ခတ်ခဲ့ခြင်းဖြစ်ပြီး တစ်ဦးသေဆုံးခဲ့ရာ ၁၀ ဦး ထက်မနည်း ဒဏ်ရာရရှိခဲ့သည်ဟု သိရသည်။

ယခုအခါ အင်မရန်ခန်း၏ အခြေအနေမှာ ပြန်လည်တည်ငြိမ်နေပြီဖြစ်ပြီး လာဟိုးမြို့ အရှေ့ပိုင်းရှိ ရှောကက်ခါနန်ဆေးရုံတွင် တက်ရောက်ကုသမှုခံယူနေသည်ဟု ၎င်း၏ဆရာဝန် ဖိုင်ဆယ်စူတန်က အေအက်ဖ်ပီသို့ ပြောသည်။ အသက် ၇၀ အရွယ် နိုင်ငံတကာ ခရစ်ကက်အားကစားသမားဟောင်း ဖြစ်သူ အင်မရန်ခန်းမှာ လာဟိုးမြို့မှ အစ္စလာမ္မာဘတ်မြို့သို့ မဲဆွယ်စည်းရုံးရေး ယာဉ်တန်းကို ဦးဆောင်လာစဉ် တိုက်ခိုက်ခံရခြင်း ဖြစ်သည်။

**အေအက်ဖ်ပီ**


မဲဆွယ်စည်းရုံးရေးယာဉ်တန်းပေါ်မှ စကားပြောနေသည့် ပါကစ္စတန်ဝန်ကြီးချုပ်ဟောင်း အင်မရန်ခန်းကို တွေ့ရစဉ်။

# ပါလက်စတိုင်း စစ်သွေးကြွများက ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ပြီးနောက် အစ္စရေးက ဂါဇာကို လေကြောင်းတိုက်ခိုက်မှု ပြုလုပ်

**ဂါဇာ နိုဝင်ဘာ ၄**

ဂါဇာကမ်းမြောင် အလယ်ပိုင်းရှိ ဟားမားစ်စစ်စခန်း နှစ်ခုသည် နိုဝင်ဘာ ၄ ရက်က အစ္စရေး၏ လေကြောင်း တိုက်ခိုက်မှုခံခဲ့ရကြောင်း ပါလက်စတိုင်းလုံခြုံရေး တပ်ဖွဲ့ဝင်များက ပြောသည်။

အစ္စရေး တိုက်လေယာဉ်များသည် အယ်လ်ကာဆန် တပ်မဟာများ၊ ဟားမားစ်အဖွဲ့၏ စစ်တောင်ပံနေရာများကို ပစ်မှတ်ထားကာ ဒုံးကျည်အများအပြား ပစ်လွှတ်တိုက်ခိုက်ခဲ့သောကြောင့် ယင်းတို့၏အနီးနားရှိ နေရာများနှင့် အဆောက်အအုံများကို ပျက်စီးစေခဲ့ကြောင်း လုံခြုံရေး သတင်းရင်းမြစ်များက ဆိုသည်။(**အောက်ပုံ**)

လူနာတင်ယာဉ်များနှင့် အရပ်ဘက် ကာကွယ်ရေးတပ်ဖွဲ့ဝင်များသည် ပစ်မှတ်ထား တိုက်ခိုက်ခံရသည့် နေရာများသို့ အလျင်အမြန် ကယ်ဆယ်ရေး ဆောင်ရွက်ရန် လာရောက်စဉ် ပြင်းထန်သော ပေါက်ကွဲသံများ ကြားခဲ့ရကြောင်း၊ တိုက်ခိုက်မှုများအတွင်း ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း မျက်မြင်သက်သေများက ပြောသည်။

အစ္စရေးနိုင်ငံ တောင်ပိုင်းသို့ ဝင်ရောက်လာသည့် ဂါဇာကမ်းမြောင်မှ ပစ်ခတ်လိုက်သည့် ဒုံးကျည် တစ်စင်းကို အစ္စရေး လေကြောင်းရန် ကာကွယ်ရေးစနစ်က ကြားဖြတ်ဟန့်တားနိုင်ခဲ့ကြောင်း နိုဝင်ဘာ ၃ ရက်တွင် အစ္စရေးစစ်တပ်က ပြောကြားခဲ့သည်။ ယင်းဖြစ်ရပ်အပြီး ယခုကဲ့သို့ လေကြောင်းတိုက်ခိုက်မှု လုပ်ဆောင်သည့် ကြေညာချက် ထွက်ပေါ်လာခြင်း ဖြစ်သည်။ အစ္စရေးနိုင်ငံအတွင်းသို့ ဂါဇာ စစ်သွေးကြွများက ပစ်လွှတ်သော အခြားဒုံးကျည် သုံးစင်း ကျရောက်ပေါက်ကွဲခဲ့သော်လည်း ထိခိုက်ပျက်စီးမှု မရှိခဲ့ကြောင်း သိရသည်။

အစ္စရေးနှင့် ဂါဇာအခြေစိုက် ပါလက်စတိုင်း အစ္စလာမ္မစ်ဂျီဟတ်အဖွဲ့တို့အကြား ဩဂုတ်လအတွင်းက ငြိမ်းချမ်းရေး သဘောတူညီချက်တစ်ခု ရရှိခဲ့ပြီးနောက် သုံးလတာ ကာလအတွင်း အစ္စရေးဘက်မှ ပထမဆုံး အကြိမ်လေကြောင်းတိုက်ခိုက်မှု ပြန်လည် စတင်လိုက်ခြင်းဖြစ်သည်။

**ဆင်ဟွာ**



# သီရိလင်္ကာတွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ လိုအပ်နေသည့် လူဦးရေ ၅ ဒသမ ၇ သန်းရှိ

**ကိုလံဘို နိုဝင်ဘာ ၄**– သီရိလင်္ကာနိုင်ငံသား အနည်းဆုံး ၅ ဒသမ ၇ သန်း သို့မဟုတ် နိုင်ငံလူဦးရေ၏ ၂၆ ရာခိုင်နှုန်းသည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ လိုအပ်နေကြောင်း ကုလသမဂ္ဂ လူသားချင်း စာနာထောက်ထားမှုရေးရာ ညှိနှိုင်းရေးရုံးက နိုဝင်ဘာ ၄ ရက်တွင် ထုတ်ဖော် ပြောကြားလိုက်သည်။ သီရိလင်္ကာတွင် ဆက်လက် ဖြစ်ပွားနေသော စီးပွားရေးအကျပ်အတည်းသည် ယင်းအခြေအနေကို ပိုမိုနက်ရှိုင်းစေဖွယ်ရှိကြောင်းကိုလည်း သတိပေးထားသည်။

စားနပ်ရိက္ခာဖူလုံမှုနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများသည် စီးပွားရေးအကျပ်အတည်း၏ အကျိုးဆက်များကို တိုက်ရိုက်ကြုံတွေ့နေရပြီး မျိုးဆက်ပွား ကျန်းမာရေးဝန်ဆောင်မှုများအပါအဝင် ပညာရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုကဲ့သို့သော အခြေခံဝန်ဆောင်မှုများ လက်လှမ်းမမီမှုနှင့် ဝန်ဆောင်မှုရရှိနိုင်မှု အခွင့်အလမ်းများ ပြတ်တောက်သွားနိုင်သည့် အခြေအနေများကို ရင်ဆိုင်နေရကြောင်း အဆိုပါထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ ထို့အတူ အော်ဂဲနစ်စိုက်ပျိုးရေး သို့မဟုတ် မအောင်မြင်သော စိုက်ပျိုးရေး အသွင်ကူးပြောင်းမှုကြောင့် ဖြစ်ပေါ်လာသော ပြည်တွင်းလယ်ယာထွက်ကုန် ဆိုးရွားစွာကျဆင်းမှုကလည်း အကျပ်အတည်းကို ပိုမိုနက်ရှိုင်းစေကြောင်း ဖော်ပြထားသည်။

သီရိလင်္ကာရှိ မက်ခရိုစီးပွားရေး ပြိုလဲမှုသည် သန်းနှင့်ချီသောလူများကို အစားအစာ၊ လောင်စာဆီ၊ အိမ်သုံးဓာတ်ငွေ့၊ ဆေးဝါးနှင့် အခြားလိုအပ်သောပစ္စည်းများ ဆိုးရွားစွာ ပြတ်လပ်မှုတို့ကို ဖြစ်စေပြီး လူသားချင်းစာနာထောက်ထားမှု အရေးပေါ်အခြေအနေအဖြစ် ပြောင်းလဲသွားကြောင်း ကုလသမဂ္ဂလူသားချင်းစာနာ ထောက်ထားမှုရေးရာ ညှိနှိုင်းရေးရုံးက ပြောကြားသည်။

သီရိလင်္ကာနိုင်ငံသည် မရှိမဖြစ်လိုအပ်သော အထောက်အပံ့များနှင့် စားနပ်ရိက္ခာများ ပြတ်လပ်မှုဖြစ်စေသည့် နိုင်ငံခြားငွေပြတ်လပ်မှုနှင့် ကြုံတွေ့နေရသောကြောင့် အဆိုးရွားဆုံး စီးပွားရေးအကျပ်အတည်းများနှင့် ရင်ဆိုင်နေရသည်။

**ဆင်ဟွာ**

## စီအယ်လ်အမ်ဗွီ လေးနိုင်ငံမှ ခရီးသွားဝန်ကြီးများ ခရီးသွားကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သုံးနှစ်ကြာ လုပ်ငန်းအစီအစဉ်ချမှတ်

**ဖနောင်ပင် နိုဝင်ဘာ ၄** – ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ် (စီအယ်လ်အမ်ဗွီ) လေးနိုင်ငံမှ ခရီးသွားဝန်ကြီးများသည် ခရီးသွားကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သုံးနှစ်ကြာလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ရေး အစီအစဉ်တစ်ခုကို ချမှတ်ခဲ့ကြောင်း ကမ္ဘောဒီးယားခရီးသွားဝန်ကြီး သွန်ခွန် က နိုဝင်ဘာ ၄ ရက်တွင် ပြောကြားလိုက်သည်။

အဆိုပါဆုံးဖြတ်ချက်ကို ကမ္ဘောဒီးယားနိုင်ငံ ဆီရမ်ရိပ်ပြည်နယ်တွင် နိုဝင်ဘာ ၃ ရက်က ကျင်းပခဲ့သော (၆) ကြိမ်မြောက် စီအယ်လ်အမ်ဗွီ ခရီးသွားဝန်ကြီးများ အစည်းအဝေးတွင် ချမှတ်ခဲ့ခြင်း ဖြစ်သည်။ မိမိတို့သည် စီအယ်လ်အမ်ဗွီခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှု ၂၀၂၃–၂၀၂၅ ဆိုင်ရာ လုပ်ငန်းအစီအစဉ်တစ်ခုကို ချမှတ်ခဲ့ကြောင်းနှင့်ယင်းအစီအစဉ်က လေးနိုင်ငံ၊ ဦးတည်ချက်တစ်ခု အကောင်အထည်ဖော်ရန် အာရုံစိုက်သွားမည်ဖြစ်ကြောင်း ၎င်းက ပြောသည်။

**ဆင်ဟွာ**

# ဆင်သေချောင်းဝဲယာ၌ သီးနှံများ စဉ်ဆက်မပြတ်စိုက်ပျိုးရေး ကွင်းဆင်းဆောင်ရွက်



နေပြည်တော် နိုဝင်ဘာ ၄

**နေပြည်တော်ကောင်စီနယ်မြေအတွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့်ကုန်ထုတ်လုပ်မှုများ အောင်မြင်အောင်ဆောင်ရွက်ရေး၊ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မျိုးကောင်း မျိုးသန့်များ ရွေးချယ်၍ စနစ်တကျစိုက်ပျိုးရေး၊ စိုက်ပျိုးရေရရှိရေး ကြိုးပမ်းဆောင်ရွက်၍ နှစ်သီးမှ သုံးသီးအထိ စိုက်ပျိုးနိုင်ရေးလုပ်ငန်းများကို နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များနှင့်အညီ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် နေပြည်တော်ကောင်စီက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။**

ထိုသို့ ဆောင်ရွက်လျက်ရှိရာ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများနှင့်အတူ နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် သနပ္ပင်ဆိပ်ကျေးရွာရှိ စိုက်ပျိုးစီးပွားအသိပညာပေးစင်တာ၌ ပျဉ်းမနားမြို့နယ်မှ ကျေးရွာလေးရွာနှင့် ဇေယျာသီရိမြို့နယ် ကျောက်ချက်ကျေးရွာတို့မှ တောင်သူများနှင့်တွေ့ဆုံကာ ဆင်သေချောင်း ဝဲယာရှိ စိုက်ပျိုးမြေများ၌ ရာသီအလိုက် စဉ်ဆက်မပြတ် စိုက်ပျိုးသွားနိုင်ရေး ညှိနှိုင်းဆွေးနွေးကြသည်။**(အပေါ်ယာပုံ)**

ရှေးဦးစွာ ဒုတိယဝန်ကြီး ဦးမြင့်စိုးက ဆောင်းသီးနှံ ပဲတီစိမ်းစိုက်ပျိုးရေးနှင့် နွေစပါးစိုက်ပျိုးရေး လျာထားဆောင်ရွက်နေမှု၊ အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ အောင်မြင်ရေးအတွက် နိုင်ငံတော်က အားပေးဆောင်ရွက်နေမှုကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းလွင်က ဆင်သေချောင်းဘေးဝဲယာရှိ စိုက်ပျိုးမြေအမျိုးအစားအလိုက် ဆိုလာရေတင်စနစ် ဆောင်ရွက်မည့် အခြေအနေကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တွေ့ဆုံပွဲသို့တက်ရောက်လာကြသော ပျဉ်းမနားမြို့နယ်၊ ကျွန်းဦးကျေးရွာ၊ သနပ္ပင်ဆိပ်ကျေးရွာ၊ ကင်ပွန်းတန်းကျေးရွာ၊ အလယ်ရွာနှင့် ဇေယျာသီရိမြို့နယ် ကျောက်ချက်ကျေးရွာတို့မှ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ တောင်သူများက စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများ၊ စိုက်ပျိုးရေ လိုအပ်မှုအခြေအနေများ၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်း လိုအပ်ချက်များ တင်ပြရာ ဒုတိယဝန်ကြီးက ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ညနေပိုင်းတွင် ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန ရုံးဝင်းအတွင်း မြေ ၂ ဒသမ ၇ ဧက၌ သမဝါယမဦးစီးဌာနက ကြီးကြပ်စိုက်ပျိုးထားသော ဂရိတ်ဝေါတူမောရိုး စိုက်ပျိုးရေးကုမ္ပဏီလီမိတက်၏ GW-11 စပါးမျိုး စမ်းသပ်စိုက်ကွက် ရိတ်သိမ်းခြွေလှေ့နေမှုကို သွားရောက်ကြည့်ရှု အားပေးသည်။

GW-11 စပါးမျိုးများကို ဇူလိုင် ၂၇ ရက်မှစတင်၍ ဖော်ပြပါစိုက်ခင်း၌ ပျိုးထောင်စနစ်၊ အစေ့ချ(စီဒါ)စနစ်၊ ကြဲပက်စနစ်စသည့် စိုက်ပျိုးနည်းစနစ် သုံးမျိုးဖြင့် စိုက်ပျိုးခဲ့ပြီး ယနေ့ရိတ်သိမ်းခဲ့သော ပျိုးထောင်စနစ်စိုက်ဧက တစ်ဧကမှ စပါး ၁၂၆ တင်း ထွက်ရှိပြီး ကျန်စိုက်ဧကများကို ဆက်လက်ရိတ်သိမ်းသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အမှတ် (၃)စက်မှုသင်တန်းကျောင်း (သာဂရ)၏ စက်မှုကျွမ်းကျင် တစ်နှစ်သင်တန်း အမှတ်စဉ်(၁၂)မှ စက်မှုကျွမ်းကျင်လုပ်သား စုစုပေါင်း ၁၂၁ ဦး မွေးထုတ်

**နေပြည်တော် နိုဝင်ဘာ ၄**

မြန်မာနိုင်ငံ၏ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေး စက်မှုထုတ်ကုန်ပစ္စည်းများ ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေးနှင့် လူငယ်များ အလုပ်အကိုင်အခွင့်အလမ်း တိုးတက်ရရှိရေးတို့အတွက် စက်မှုဝန်ကြီးဌာနတွင် စက်မှုသင်တန်းကျောင်း ခြောက်ကျောင်းဖွင့်လှစ်၍ စက်မှုဘာသာရပ်နှင့် သက်ဆိုင်သည့် ပညာရပ်များကို လေ့ကျင့်မွေးထုတ်ပေးလျက်ရှိရာ အမှတ် (၃) စက်မှုသင်တန်းကျောင်း (သာဂရ)၏ စက်မှုကျွမ်းကျင် တစ်နှစ်သင်တန်း အမှတ်စဉ် (၁၂) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် သာဂရစက်မှုဇုန်ရှိ အဆိုပါ သင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။



ဦးစွာ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွှန့်က နိုင်ငံတော်၏ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံ လိုအပ်ချက်ဖြစ်သည့် စက်မှုကျွမ်းကျင် လုပ်သားများ လေ့ကျင့် မွေးထုတ်နိုင်ရေးကို စက်မှုဝန်ကြီးဌာန အနေဖြင့် တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်း အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ သင်တန်းသား သင်တန်းသူများ အနေဖြင့် ဝန်ကြီးဌာနအတွက် လိုအပ်လျက်ရှိသော စက်ရုံ/ အလုပ်ရုံများတွင် တတ်နိုင်သမျှ ပြန်လည် တာဝန်ထမ်းဆောင်သွားကြစေလိုကြောင်း၊ ကိုယ်ကျင့်တရား အကျင့်စာရိတ္တ ကောင်းမွန်ပြီး အများအကျိုးကို သယ်ပိုးဆောင်ရွက်လိုသည့် လူငယ် လူရွယ်များဖြစ်အောင် ပြုစုပျိုးထောင်သွားကြရန်၊ တိုင်းပြည်နှင့် လူမျိုး ဂုဏ်သိက္ခာကို မြှင့်တင်နိုင်ရန်အတွက် စိတ်ဓာတ်ကောင်းကောင်း၊ စည်းကမ်းကောင်းကောင်းဖြင့် စက်မှုသင်တန်းကျောင်းဆင်း တစ်ယောက်၏ ဂုဏ်သိက္ခာနှင့်အညီ ပြုမူနေထိုင် လုပ်ကိုင်ဆောင်ရွက်သွားကြရန် တိုက်တွန်းကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက သင်တန်းတွင် ဆုရရှိသူများကို ဆုများချီးမြှင့်ပြီး သင်တန်းသားတစ်ဦးချင်းစီကို သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် တက်ရောက် လာသူများသည် သင်တန်းသား/ သင်တန်းသူများ လက်တွေ့ ပြုလုပ်ထားသည့် သင်တန်းဆင်း Project များကို လှည့်လည် အားပေးကြည့်ရှုပြီး **(အပေါ်ပုံ)** သင်တန်းဆင်း Project ပြိုင်ပွဲတွင် ဆုရရှိသည့် အသင်းများကို ဆုများ ချီးမြှင့်ပြီး သင်တန်းသား သင်တန်းသူများနှင့် အတူနေ့လယ်စာ အတူတကွ သုံးဆောင်သည်။

အမှတ် (၃) စက်မှုသင်တန်းကျောင်း (သာဂရ) အနေဖြင့် ဖွင့်လှစ်ပြီး သင်တန်းအမှတ်စဉ် ၁၁ ခုတွင် သင်တန်းသား ၁၀၂၉ ဦးနှင့် သင်တန်းသူ ၃၅၂ ဦး စုစုပေါင်း ၁၃၈၁ ဦးကို အောင်မြင်စွာ မွေးထုတ်ပေးခဲ့ပြီးဖြစ်သည်။ ယခု စက်မှုကျွမ်းကျင် တစ်နှစ် သင်တန်း အမှတ်စဉ် (၁၂) သင်တန်းကို ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၉ ရက်တွင် စတင်ဖွင့်လှစ်၍ Machinery ၊ CAD/ CAM ၊ Electrical ၊ Electronics နှင့် Foundry ဘာသာရပ်တို့ကို လေ့ကျင့် သင်ကြားပေးခဲ့ပြီး သင်တန်းသား ၁၀၅ ဦး၊ သင်တန်းသူ ၁၆ ဦး စုစုပေါင်း ၁၂၁ ဦးကို သင်တန်းဆင်း လက်မှတ်များ ပေးအပ်နိုင်ခဲ့သည်။

စက်မှုဝန်ကြီးဌာနတွင် နိုင်ငံတကာမိတ်ဖက် အဖွဲ့အစည်းများ၏ အကူအညီဖြင့် စက်မှုသင်တန်းကျောင်း ခြောက်ကျောင်းကို တည်ထောင် ဖွင့်လှစ်ထားရှိပြီး နှစ်စဉ် စက်မှုကျွမ်းကျင်လုပ်သား ၁၀၀၀ ကျော်ကို လေ့ကျင့်သင်ကြား မွေးထုတ်ပေးလျက်ရှိသည်။ ထို့အပြင် အိန္ဒိယနိုင်ငံ၏ အကူအညီဖြင့် မုံရွာမြို့နှင့် သထုံမြို့တို့တွင် စက်မှုသင်တန်းကျောင်းများ ထပ်မံဖွင့်လှစ်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိပြီး စက်မှုသင်တန်းကျောင်းများမှ စက်မှုနှင့် အသက်မွေးပညာဘာသာရပ် ၁၆ မျိုးကို လေ့ကျင့်သင်ကြားပေးလျက်ရှိကာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၏ လိုအပ်ချက်အပေါ်မူတည်၍ သံဂဟေ/ ဓာတ်ငွေ့ ဂဟေဆက်သင်တန်း၊ လျှပ်စစ်သင်တန်း၊ လယ်ယာသုံး အင်ဂျင်အမျိုးမျိုးနှင့် မော်တော်ဆိုင်ကယ်ပြုပြင်သင်တန်း၊ မော်တော်ယာဉ်ပြုပြင်ထိန်းသိမ်းခြင်း သင်တန်း စသည့်စက်မှုနှင့် အသက်မွေးပညာ ရွေ့လျားသင်တန်းများကို ဒေသအရောက်သွားရောက် ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



# သာကေတမြို့နယ်တွင် သတင်းမီဒီယာဆိုင်ရာ အသိပညာပေးဟောပြော

**ရန်ကုန် နိုဝင်ဘာ ၄**

ကျောင်းသားလူငယ်များ သတင်းအမှား သတင်းအမှန်ခွဲခြားသုံးသပ်နိုင်ရေးနှင့် အနာဂတ်ကာလအတွက် ထူးချွန်သောမျိုးဆက်သစ်လူငယ်များ ဖြစ်လာစေရေးနှင့် နိုင်ငံချစ်စိတ်မြင့်မားရေးတို့အတွက် ပညာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီတို့ ပူးပေါင်းဆောင်ရွက်သည့် အသိပညာပေးဟောပြောပွဲများကို အ.ထ.က (၁) သာကေတတွင် ၁-၁၁-၂၀၂၂ နေ့၌ လည်းကောင်း၊ အ.ထ.က (၂) သာကေတတွင် ၂-၁၁-၂၀၂၂ နေ့၌ လည်းကောင်း၊ အ.ထ.က (၃) သာကေတတွင် ၃-၁၁-၂၀၂၂ နေ့၌လည်းကောင်း ကျင်းပသည်။(ဝဲပုံ)

အဆိုပါ အသိပညာပေးဟောပြောပွဲများသို့ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီမှ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)၊ ဦးမျိုးထွန်း (မောင်စိမ်းနောင်-လယ်ဝေး)၊ ဦးအောင်ပြည့်စုံ (အောင်ပြည့်စုံ)၊ ဦးသက်နိုင်ဦး၊ ဒေါ်မြင့်မြင့်သိန်း (တက္ကသိုလ်မြမဉ္ဇူ) နှင့် ဦးနေလင်း (မောင်ချိုဝေ) တို့က ဆွေးနွေးဟောပြောခဲ့ကြပြီး ကျောင်းသား ကျောင်းသူ စုစုပေါင်း ၈၅၀ ကျော်ခန့် တက်ရောက်နားထောင်ကြသည်။

ထို့နောက် သတင်းမီဒီယာကောင်စီဥက္ကဋ္ဌက သတင်းမီဒီယာဆိုင်ရာ နှင့် အခြားစာပေဗဟုသုတဖြစ်ဖွယ် သိမှတ်ဖွယ်ရာစာအုပ်များကို အမှတ်တရလက်ဆောင်အဖြစ်ပေးအပ်ရာ သက်ဆိုင်ရာကျောင်းအုပ်ဆရာကြီးများက လက်ခံရယူပြီး ကျေးဇူးတင်စကားများ ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကိုဗစ် – ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၂၅ ဦး တွေ့ရှိ

## ယနေ့တွင် ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူ မရှိ

**(၄–၁၁–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန် ဆောင်ရွက်လျက်ရှိပြီး (၃–၁၁–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၄–၁၁–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၈၈၈) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၂၅) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၁.၂၆) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၄၅၀,၅၇၄) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၂,၁၃၉) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၁၈) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၀၆,၃၀၂) ဦးရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်–၁၉ရောဂါဖြင့် သေဆုံးသူ မရှိပါသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၈၄) ဦး ရှိပါသည်။

| ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားရှိမှု အခြေအနေများ | ကိုဗစ်–၁၉ ရောဂါ ဖြစ်ပွားသူ | ကိုဗစ်–၁၉ ရောဂါ ကြောင့် သေဆုံးသူ |
|---|---|---|
| ကာကွယ်ဆေး လုံးဝထိုးနှံထားခြင်းမရှိသူနှင့် ကာကွယ် ဆေး အကြိမ်ပြည့်ထိုးနှံထားခြင်း မရှိသူ | ၉၀.၄ % | ၈၀.၉ % |

မြန်မာနိုင်ငံတွင် (၂၈–၁–၂၀၂၂) ရက်နေ့မှ (၁၅–၁၀–၂၀၂၂) ရက်နေ့အထိ တွေ့ရှိရသော ကိုဗစ်–၁၉ ရောဂါဖြစ်ပွားသူများနှင့် သေဆုံးသူများ၏ ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားရှိမှု အခြေအနေများကို ဆန်းစစ်ချက်အရ ကိုဗစ်–၁၉ ရောဂါဖြစ်ပွားသူ စုစုပေါင်း၏ (၉၀.၄) ရာခိုင် နှုန်းနှင့် ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးသူ စုစုပေါင်း၏ (၈၀.၉) ရာခိုင်နှုန်းတို့မှာ ကာကွယ်ဆေး လုံးဝ ထိုးနှံထားခြင်းမရှိသူများနှင့် ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံထားခြင်း မရှိသူများ ဖြစ်ကြောင်း တွေ့ရှိရပါသည်။

နိုင်ငံတကာသုတေသနတွေ့ရှိချက်များအရလည်း ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်း ကာကွယ်ဆေးထိုးနှံခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။ သို့ဖြစ်ရာ အသက် ၅ နှစ်နှင့်အထက် ပြည်သူများသည် ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးအား မဖြစ်မနေ ထိုးနှံထားရှိရန် လိုအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၅ နှစ်နှင့်အထက် ပြည်သူများအားလုံးအား ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိသည့်အပြင် အသက် ၁၂ နှစ်မှ ၁၈ နှစ်အတွင်း ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော ကျောင်းသား၊ ကျောင်းသူများနှင့် အသက် ၁၈ နှစ်နှင့်အထက် ပြည်သူများအား ထပ်ဆောင်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးများ အခမဲ့ထိုးနှံပေးလျက်ရှိရာ ပြည်သူများအနေဖြင့် နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက် စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

**ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာ ခံစားရမှုနှင့် ရောဂါကြောင့် သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။**

# တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် နိုဝင်ဘာ ၄**



တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးတို့၌ ကာကွယ်ဆေးထိုးနှံခြင်းကို ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး တာမွေ မြို့နယ်၌ ဒေသခံပြည်သူ ၃၀၇ ဦး၊ ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၂၂၁၅၄ ဦး၊ ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နှင့် ချင်းပြည်နယ် ပလက်ဝမြို့နယ်တို့၌ ဒေသခံပြည်သူ ၂၁၃ ဦးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခုတို့မှ ဒေသခံပြည်သူ ၁၂၆၆ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေး ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည်။

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၄၀၆၃ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခုတို့၌ ကျောင်းသား ကျောင်းသူ ၃၉၁ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးသည်။

ထို့ပြင် ကိုဗစ်–၁၉ ရောဂါ ထိန်းချုပ် ကာကွယ်ရာတွင် အထောက်အကူ ဖြစ်စေရန်အတွက် နှာခေါင်းစည်းများကို ပြည်သူများ လက်ဝယ်အရောက် တိုင်းစစ်ဌာနချုပ် အသီးသီးမှ တာဝန်ရှိသူများက အခမဲ့ပေးဝေ လှူဒါန်းလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၄ မြို့နယ်နှင့် မန္တလေး တိုင်းဒေသကြီး ပျော်ဘွယ်မြို့တို့ရှိ စာသင်ကျောင်းများ၊ ဈေးများ၊ လမ်းများ၊ မြို့အဝင်ဂိတ်များနှင့် လူစည်ကားရာ နေရာများတွင် နယ်မြေခံတပ်မတော်သားများက ခရိုင်/ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပရဟိတအဖွဲ့များနှင့် ပူးပေါင်း၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးအတွက် အသိပညာပေးဆောင်ရွက်ခြင်း၊ နှာခေါင်းစည်းများ တပ်ဆင်ပြီး သွားလာကြရန် လှုံ့ဆော်ခြင်းနှင့် နှာခေါင်းစည်းများအား ဒေသခံပြည်သူများ လက်ဝယ်အရောက် အခမဲ့ပေးဝေ လှူဒါန်းကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




**❖ အပြင်ထွက်တိုင်း ပါးစပ်နှင့် နှာခေါင်းစည်း(mask)ကို စနစ်တကျ မပျက်မကွက် တပ်ဆင်ပါ**

# သာမညဖလသုတ်တော်ဖြစ်တည်ရာမှ ရရှိသောအကျိုးတရား၊ ထုတ်နုတ်အပ်သော သင်ခန်းစာ

ဒေါက်တာမြတ်မိုး

**“သာမညဖလသုတ်သည်အဇာတသတ်မင်းအား ရှင်းလင်းလှသော ဥပမာများနှင့်တကွ ရဟန်းပြုခြင်းဖြင့် ရရှိသောအကျိုးများ၊ ဈာန်သမာပတ်နှင့် ဝိပဿနာဉာဏ်စဉ်များမှတစ်ဆင့် လက္ခဏာရေးသုံးပါးကိုထင်ရှားပြပြီး ရဟန္တာဖြစ်လာပုံများကို ဟောကြားထားသောသုတ်တော်ဖြစ်သည်။ ထို့ကြောင့် အထက်ပါ ဗုဒ္ဓနှင့် ခေတ်ပြိုင်အယူမှားများကို မင်းကြီးအနေဖြင့် ကွဲကွဲပြားပြား သိရှိသွားရ၍ အမှားကိုပယ် အမှန်ကိုသယ်နိုင်စွမ်းဖြင့် များစွာအကျိုးထူးသွားခြင်းဖြစ်သည်။ အယူမှား အမြင်မှားနေသူများ သင်ခန်းစာယူ၍ သတိချပ်ရာသည်”**

မြန်မာ့ရိုးရာ ၁၂ လ ရာသီပွဲတော်များအနက် တန်ဆောင်မုန်းလတွင် ထူးခြားသော ပွဲတော်များရှိပါသည်။ မသိုးသင်္ကန်းရက်လုပ်ပွဲများ ကျင်းပပြီး ကထိန်သင်္ကန်းလှူဒါန်း၍ ကုသိုလ်ယူကြသည်။ မီးထွန်းပွဲတော် ရှင်ပျော်နွှဲ၍ အလင်းဓာတ်ကို ဆောင်ကြသည်။ ကျီးမနိုးပွဲ ခွင့်ယူနွှဲ၍ ပျော်စရာမြန်မာ့ဓလေ့ကို ထိန်းသိမ်းစောင့်ရှောက်ကြသည်။ ဆေးအစွမ်းဖြင့် ဆေးပေါင်းခ၍ ကျန်းမာရေးကို စောင့်ရှောက်တတ်ကြသည်။ နိဗ္ဗာန်ဈေး ခင်းကျင်းခြင်းဖြင့် မရှိသူကို မျှဝေကြပြန်သည်။ နှမ်းပါးသူအတွက် ပုံ့သကူချ၍ စွန့်ပစ်အကျိုးပြုလေ့ရှိကြသည်။ ကုသိုလ်နှင့်ယှဉ်သည့် မြန်မာ့ရိုးရာဘာသာရေး အစဉ်အလာများ ဓလေ့ကောင်းများဖြစ်၍ များစွာဂုဏ်ယူအပ်ပါသည်။

### အိပ်မက်ဆိုးများနှင့် အိပ်မပျော်သော အဇာတသတ်

ပွဲတော်အများဆုံးကျင်းပရာ ဤလကို ထူးမြတ်စွာဖြင့် ခေါ်ဝေါ်သမုတ်အပ်သည့် အခါတော်နေ့တစ်နေ့အဖြစ် သတ်မှတ်ထားသည်လည်းရှိသည်။ “သာမညဖလ” အခါတော်နေ့ဟူ၍ ဖြစ်သည်။ “သာမည” - ရဟန်းဖြစ်သည်၏၊ “ဖလ” - အကျိုးဆက်တစ်နည်း ရဟန်းဖြစ်ခြင်း၊ ရဟန်းပြုရခြင်း၏ အကျိုးကျေးဇူးဟူ၍ အဓိပ္ပါယ်ရသည်။ ကျေးဇူးရှင်မြတ်စွာဘုရားသည် ရဟန်းဖြစ်ရခြင်း၏ အကျိုးတရားများကို ဤတန်ဆောင်မုန်းလပြည့်နေ့တွင် အဇာတသတ်မင်းအား ဟောကြားခဲ့သည်။

အဇာတသတ်မင်းသည် ဒေဝဒတ်ကို ဆရာတင်မှားပြီး ဖခင်ဖြစ်သူကျေးဇူးရှင် ဗိမ္ဗိသာရမင်းကြီးကို သတ်မိသောကြောင့် သောကဖိစီးပြီး အိပ်မပျော်သောရောဂါ စွဲကပ်ခဲ့သည်ကို ဗုဒ္ဓဘာသာဝင်များ သိရှိပြီးလည်းဖြစ်သည်။ ကံကြီးထိုက်၍ စွဲကပ်နေသော စိုးရိမ်မှုပူပန်သောက နောင်တအပူမီးနှင့်အတူ ကျဆင်းလွန်းသော စိတ်ကျဝေဒနာ၊ အိပ်မက်ဆိုးများနှင့် အိပ်မပျော်သော ဝေဒနာ ကြာသော်အိပ်ရမည်ကိုပင် ကြောက်နေပြီဖြစ်သော ဝေဒနာများကား အဇာတသတ်မင်းအတွက် အလွန်ပင်ဆိုးရွားလွန်းလှသည်။

မင်းကြီးသည် သူခံစားနေရသော ယင်းဝေဒနာကို ပျောက်ကင်းရန်အတွက် ကုစားနိုင်မည့် ဆေးစွမ်းကောင်းနှင့် သမားတော်ကိုရှာဖွေခိုက် စိတ်ကြည်လင်ရန်အလို့ငှာ ရဟန်းပြုခြင်း၏အကျိုးကို သိလိုစိတ်ပြင်းထန်နေခဲ့သည်။ အမတ်မင်းများ ၏ အကြံပြုချက်ကြောင့် သူယုံစားမိသော တိတ္ထိဆရာကြီး ခြောက်ဦးထံတွင် သိလိုသော ရဟန်းပြုခြင်းအကျိုးကို မေးမြန်းစုံစမ်းတော့သည်။ သို့သော် လိုချင်သောအဖြေအား မရသည့်အခါ မင်းကြီးအတွက် ကျေနပ်ဖွယ်ရာမဖြစ်ခဲ့။ နောက်ဆုံးတော့ သမားတော်ကြီး ဇီဝကထံမှသာ မင်းကြီးလိုချင်သောအဖြေရရှိရန် လမ်းစရှာတွေ့ခဲ့သည်။ သမားတော်ကြီး၏ အကြံပြုချက်အရ မြတ်စွာဘုရားထံသို့ သွားရောက်ခဲ့ပြီး မေးမြန်းလျှောက်ထားမှသာ သာမညဖလသုတ္တန်ကို ပြည့်ပြည့်စုံစုံနာကြားခွင့်ရရှိခဲ့ပြီး ရဟန်းပြုခြင်းအကျိုးတရားများကို သိရှိခွင့်ရတော့သည်။

### ဝေဒနာဆိုးမှသက်သာပျောက်ကင်းခဲ့ရ သာမညဖလ

ဘုရားရှင်ထံမှ ဤသုတ်တော်ကို နာကြားပြီးသည့်အခါ မင်းကြီးခံစားနေရသော ဝေဒနာများ သက်သာပျောက်ကင်းသွားချေပြီ၊ တန်ဆောင်မုန်းလပြည့်အဆက်ဆက် သာယာအေးချမ်းလှသော အရသာကို မခံစားရသည်မှာလည်း ကြာမြင့်ခဲ့ပြီမဟုတ်ပါလား။ ဘုရားရှင်နှင့်တွေ့မှသာ ငြိမ်းချမ်းလှပကြည်နူးဖွယ်အတိဖြစ်သော လပြည့်ည၏ အရသာကို ခံစားခွင့်ရခဲ့ခြင်းဖြစ်သည်။ အဇာတသတ်မင်းကြီး သမညဖလသုတ်ကို နာကြား ခွင့်ရရှိခဲ့ခြင်းမှတစ်ဆင့် သူကျူးလွန်ခဲ့သော ကြီးလေးသော အပြစ်မှ ကုစားရာရောက်ခဲ့ပါပြီ။ အမှန်ကား ဖခင်ကိုသတ်မိခြင်း အပြစ်သည် မဟာအဝီစိငရဲသို့ လားခြင်းပင်ဖြစ်သည်။

အဇာတသတ်ခံစားရသော အကုသိုလ်ကား ပြုလျှင်ပြုမိ သလောက် ကြီးမားပါဘိ၊ အကျိုးကျေးဇူးကြီးမားသောတရားကို နာယူခွင့်ရခြင်းကြောင့်သည်သာလျှင် ထိုမျှကြီးလေးသော အပြစ်ကို ပေါ့ပါးသွားစေခြင်းဖြစ်သည်။ မဟာအဝီစိ ငရဲထက် ကုမ္ဘီငရဲက ပို၍ပေါ့ပါသည်။ အနှစ်ခြောက်သောင်းနေပြီး ထိုငရဲမှကျွတ်သောအခါ နောင်တွင် ဝိဇိတာဝီအမည်ရ ပစ္စေကဗုဒ္ဓအဖြစ်သို့ ရောက်ရှိတော့မည်ဖြစ်သည်။ (အမှန်က အဇာတသတ်မင်း ဖခင်ကိုမသတ်မိခဲ့လျှင် ဤသုတ်အဆုံးမှာပင် သောတာပန်ဖြစ်လိမ့်မည်ဟု မြတ်စွာဘုရားက ဟောကြားခဲ့ပါသည်။)

### ဤသုတ်တော်မှတစ်ဆင့်

အဇာတသတ်မင်းကြီးသည် မြတ်စွာဘုရားထံမှ သာမညဖလသုတ် ကို နာကြားသိရှိရခြင်းကား ကြီးမားသောအကျိုးဖြစ်ခြင်းတည်း။ မြတ်စွာဘုရားကို ယုံကြည်၍ ဘုရားဟောသောတရားများကိုလည်း ယုံယုံကြည်ကြည်နာကြားခွင့်ရခဲ့သည်။ ခံစားနေရသော ဝေဒနာများပျောက်ကင်းပြီး ဘုရားသာသနာ၊ တရားသာသနာနှင့်အတူ ရဟန်းပြုခြင်း၏ အကျိုးကို သိရှိနားလည်ပြီး သကာလ သံဃာရတနာကိုလည်း တန်ဖိုးထားမိပါတော့သည်။

ရတနာသုံးပါးကို ယုံကြည်ခြင်းသည် ဗုဒ္ဓဘာသာ သာသနာကို အလေးအနက် သက်ဝင်ကြည်ညိုခြင်းပင်ဖြစ်သည်။ တိုးပွားလာသော ယုံကြည်မှုသဒ္ဓါတရားက အဇာတသတ်မင်းကြီးကို ဘုရားဒကာအဖြစ်ခံယူစေပြီး ပထမသင်္ဂါယနာကို ကိုယ်တိုင်တင်ခြင်းဖြင့်လည်းကောင်း၊ ဓာတ်တော်မွေတော်များ ကိုယ်တိုင်စုဆောင်း လက်ဆင့်ကမ်းခြင်းဖြင့်လည်းကောင်း၊ ဗုဒ္ဓသာသနာနှစ်ကို အတိအကျသတ်မှတ်နိုင်ခဲ့၍လည်းကောင်း ဘုရားဟောပိဋကတ်တော်များ မပျက်စီး မပျောက်ပျက်စေရန် နောင်လာနောက်သား ဗုဒ္ဓဘာသာဝင်များ အစဉ်အဆက်ထိန်းသိမ်းနိုင်သည်အထိ ကျေးဇူးပြုခဲ့သည့်အတွက် အဇာတသတ်မင်းကြီးသည် ဗုဒ္ဓဘာသာ၏ ကျေးဇူးရှင်ကြီးတစ်ဦးပင်ဖြစ်သည်ကို အသိအမှတ်ပြုခွင့်ရခဲ့ပါပြီ။ အဇာတသတ်မင်း၏ကျေးဇူးကြောင့် ကျွန်တော်တို့လည်း ဗုဒ္ဓသာသနာကို စောင့်ရှောက်ခွင့်ရခဲ့ပါပြီ။

### အယူမှားနှင့် အယူမှန်ကိုခွဲခြားသိမြင်

သာမညဖလသုတ်တော်ကို နာကြားခွင့်ရခြင်းဖြင့်လည်းကောင်း၊ အဇာတသတ်မင်းနှင့်တကွ သူ၏ဆရာ အရှင်ဒေဝဒတ်တို့ကြောင့်လည်းကောင်း ဗဟုသုတများလည်း ကြွယ်ခဲ့ပါပြီ၊ တန်ဖိုးရှိသောအကျိုးကျေးဇူးလည်း အမြောက်အမြားရရှိခဲ့ပါပြီ၊ ထုတ်နုတ်ယူစရာသင်ခန်းစာများကား ယူတတ်မည်ဆိုလျှင် ဘဝအတွက် များစွာအဖိုးတန်ပါလိမ့်မည်။ ရရှိခဲ့သောသုတစုံနှင့် သင်ခန်းစာများကား အဘယ်နည်း။ အဇာတသတ်မင်းသည် ပညာပါရမီရင့်သန်သူပီပီ မိစ္ဆာနှင့် သမ္မာအယူ၊ အယူအမှားနှင့် အယူမှန်ကို ခွဲခြားသိမြင်နိုင်စွမ်းရှိပုံရသည်။ ပညာရှိသူနှင့် ပညာမပြည့်ဝသူကို ခွဲခြားမြင်နိုင်စွမ်းလည်းရှိသည်။

မင်းကြီး ဦးစွာယုံစားမိသော ခြောက်ယောက်သော အတိုင်ပင်ခံပုဂ္ဂိုလ်များတွင် မှန်ကန်သောအယူရှိပုံမရ၊ ပထမတစ်ဦးက ကံကိုလက်မခံ၊ ကံကိုမမြင်မသိသူဖြစ်သည်၊ ကံကိုမယုံ၍ ဘာကိုမှ မလုပ်သူ။ ဒုတိယပုဂ္ဂိုလ်တစ်ဦးက ဘာမှမရှိဟူသော အယူကို လက်ခံသူ၊ အမှားကိုပြုလုပ်၊ ယုတ်ယုတ်မာမာပြုဦးတော့၊ အကျိုးရလဒ်အနေဖြင့် မကောင်းမှုပြုသော်လည်း မကောင်းကျိုးမဖြစ်၊ ကောင်းမှုပြုသော်လည်း ကောင်းမှုမရောက်ဟူသော အယူရှိသူဖြစ်သည်။

တတိယပုဂ္ဂိုလ်ကမူ အကြောင်းကြောင့် အကျိုးဖြစ်သည်ကို လက်မခံသူ၊ အကြောင်းကိုပယ်သူ အကြောင်းမဲ့ဝါဒီဖြစ်သည်၊ စတုတ္ထမြောက်ပုဂ္ဂိုလ်ကတော့ မပြုမပြင် ကံကိုမယုံသူ၊ သတ်မှုခိုးမှုဖြစ်လျှင်လည်း ကံမမြောက်ဟု ယူသူဖြစ်သည်။ မိမိဘဝကို မိမိကိုယ်တိုင် ပြုပြင်နေရမည်မဟုတ်ပါလား။ ငါးဦးမြောက်ပုဂ္ဂိုလ်ကတော့ အဆုံးသည်မရှိဆိုသော အယူရှိသူဖြစ်ပြီး ရှိသည်လည်းမဖြေ မရှိသည်လည်းမဖြေ ဇဝေဇဝါဖြင့် ဝေ့လည်ကြောင်ပတ်လုပ်တတ်သူဖြစ်သည်။ ခြောက်ယောက်မြောက်ဆရာကတော့ ဂျိန်းစ်ဝါဒကို လက်ခံသူ၊ အားလုံးကိုသက်ရှိဟုလက်ခံသူ၊ ခြိုးခြံခေါင်းပါးလွန်းသည့် အကျင့်မျိုး စသည်ကျင့်သူဖြစ်သည်။ ဗုဒ္ဓနှင့်အပြိုင် အထက်ပါအယူမှားများသည် အစစ်အမှန်မဟုတ် အတုအပအယူမှားများသာဖြစ်သည်ဟု အဇာတသတ်သည် အချိန်မီ မှန်မှန်ကန်ကန်မြင်ခဲ့သည်ဟု ဆိုနိုင်ပါသည်။

သာမညဖလသုတ်သည် အဇာတသတ်မင်းအား ရှင်းလင်းလှသော ဥပမာများနှင့်တကွ ရဟန်းပြုခြင်းဖြင့်ရရှိသော အကျိုးများ၊ ဈာန်သမာပတ်နှင့် ဝိပဿနာဉာဏ်စဉ်များမှတစ်ဆင့် လက္ခဏာရေးသုံးပါးကို ထင်ရှားပြပြီး ရဟန္တာဖြစ်လာပုံများကို ဟောကြားထားသောသုတ်တော်ဖြစ်သည်။ ထို့ကြောင့် အထက်ပါဗုဒ္ဓနှင့် ခေတ်ပြိုင်အယူမှားများကို မင်းကြီးအနေဖြင့် ကွဲကွဲပြားပြား သိရှိသွားရ၍ အမှားကိုပယ် အမှန်ကိုသယ်နိုင်စွမ်းဖြင့် များစွာအကျိုးထူးသွားခြင်းဖြစ်သည်။ အယူမှား အမြင်မှားနေသူများ သင်ခန်းစာယူ၍ သတိချပ်ရာသည်။

### ကိုးကွယ်မှုမှား ဆရာတင်မမှားရန်

အယူမှားများပယ်၍ အယူမှန်များကိုသာ လက်ခံကြစေရန် အဇာတသတ်မင်းကြီးက သင်ခန်းစာများ ပေးသွားပါလားဟု ဆင်ခြင်မိသည်။ သူကိုယ်တိုင်ကမူ ဆရာတင်မှား၍ ကြီးလေးသော အပြစ်ကြီးကို ပြုမိခဲ့သည်။ မိတ်ဆွေပေါင်းမှား၍ မလုပ်သင့်တာကို လုပ်မိခဲ့သည်။ ဘုရားကိုသတ်လိုသူ ဒေဝဒတ်နှင့် ဖခင်ကိုသတ်လိုသူ အဇာတသတ်တို့ အပယ်လားမည့် စီမံကိန်းကို အကောင်အထည်ဖော်ဖို့ ပေါင်းမိခဲ့ကြသည်။ အသိဉာဏ်နုနယ်လှလွန်းပြီး အရှင်ဒေဝဒတ်၏ မြှောက်ပင့်စည်းရုံးသွေးထိုးမှုကို ခံရသည့်အတွက် ဆရာတင်မှား၊ ကိုးကွယ်ဆည်းကပ်မှား၍ ဖခင်ဘုရင်ဗိမ္ဗိသာရမင်းကြီးကို သတ်မိမှားခြင်းဖြစ်သည်။

ဘုရားရှင်ကဲ့သို့ ဂုဏ်သတင်းကျော်ချင်သူ၊ အလိုရမ္မက်ကြီးသူ ဒေဝဒတ်ကတော့ သံဃာကို သင်းကွဲအောင်လုပ်မိပြီး ဘုရားရှင်အား လုပ်ကြံပြစ်မှားမိသော အကုသိုလ်ကံအကျိုးပေးကြောင့် သွေးအန်မြေမျိုပြီး မလှမပဖြင့် ဘဝဆုံးရသည်။ အရှင်ဒေဝဒတ်နှင့်အဇာတသတ်မင်းသားတို့၏ အကုသိုလ်အမှားမှတစ်ဆင့် ကိုးကွယ်မှုမမှား၊ ဆရာတင်မမှားကြရန်၊ မိတ်ဆွေယုတ်နှင့် မိတ်ဆွေအစစ်အမှန် ခွဲခြားနိုင်စေရန်၊ သူ့အကျိုးစီးပွား အတွက် ကိုယ်ကအသုံးချခံရပြီး မမိုက်မဲမမှားမိကြစေရန် သတိပေးထားချက်ကို သင်ခန်းစာယူ ဆင်ခြင်ရန် အထူးလိုအပ်နေပါသည်။

### ရဟန်းပြုခြင်းအကျိုးမှတစ်ဆင့်

အဇာတသတ်မင်းအနေဖြင့် ဘုရားရှင်ရှေ့မှောက်ရောက်စဉ် လောကီအတတ်ပညာများ၏ အကျိုးနှင့် ရဟန်းပြုခြင်း၏

စာမျက်နှာ ၁၇ သို့

# မှတ်တမ်းဗီဒီယိုရိုက်ကူးတည်းဖြတ်ခြင်း၊ မှတ်တမ်းဓာတ်ပုံရိုက်ကူးခြင်း၊ သတင်းရေးသားခြင်းဆိုင်ရာသင်တန်းအမှတ်စဉ်(၂) သင်တန်းသားများ ဇေယျာသီရိမြို့နယ်ရှိ မြန်မာ့အလင်းနှင့်ကြေးမုံသတင်းစာတိုက်များသို့ လာရောက်လေ့လာ

**နေပြည်တော် နိုဝင်ဘာ ၄**

မှတ်တမ်းဗီဒီယို ရိုက်ကူးတည်းဖြတ်ခြင်း၊ မှတ်တမ်းဓာတ်ပုံရိုက်ကူးခြင်း၊ သတင်းရေးသားခြင်းဆိုင်ရာ သင်တန်းအမှတ်စဉ်(၂) သင်တန်းသားများသည် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိမြို့နယ် ခရေပင်လမ်းခွဲရှိ မြန်မာ့အလင်းနှင့် ကြေးမုံ သတင်းစာတိုက်များသို့ နိုဝင်ဘာ ၄ ရက် မွန်းလွဲပိုင်းက လက်တွေ့ လာရောက်လေ့လာကြသည်။

အဆိုပါ သင်တန်းသားများသည် မြန်မာ့အလင်းနှင့် ကြေးမုံ သတင်းစာတိုက်များရှိ သတင်းခန်း စီမံခန့်ခွဲမှုပုံစံများ၊ သတင်းစုဆောင်းခြင်း၊ တည်းဖြတ်ခြင်း၊ စာမျက်နှာဖွဲ့ခြင်း၊ ပုံနှိပ်စီစဉ်ရေးလုပ်ငန်း အဆင့်ဆင့်နှင့် သတင်းစာ ပုံနှိပ်စက်ခန်းများအထိ သတင်းစာထုတ်လုပ်မှုလုပ်ငန်းအဆင့်ဆင့်ကို လေ့လာကြရာ သတင်းစာတိုက်များမှ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသသည်။

ယခုသင်တန်း ဖွင့်လှစ်ပို့ချမှုနှင့်ပတ်သက်၍ သင်တန်းသားတစ်ဦးဖြစ်သူ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ဝန်ကြီးရုံးမှ လက်ထောက် ညွှန်ကြားရေးမှူး ဦးကျော်စန်းဝင်းက "ဒီသင်တန်းမှာ ပထမငါးရက်သင်ခန်းစာမှာ ကင်မရာရှုထောင့်တွေ၊ သတင်းဗီဒီယိုတည်းဖြတ်တဲ့ နည်းပညာတွေ၊ ဒုတိယပတ်မှာ သတင်းရေးသားခြင်း၊ သတင်းထုတ်ပြန်ခြင်းနဲ့ သတင်းစာရှင်းလင်းပွဲ သတင်းတွေကို ဘယ်လိုရေးသား ထုတ်ပြန်လဲဆိုတာတွေကို ခွဲခြားပြီးတော့ သိခဲ့ရပါတယ်။ သတင်းမှန် ထုတ်ပြန်ရေးဟာ နိုင်ငံအတွက် အများကြီးအရေးပါပါတယ်။ ခုခေတ်ဆိုရင် ပိုပြီးတော့ အရေးပါလာပါတယ်။ အခုချိန်မှာ လူတွေက ဖေ့ဘုတ်ပဲ ကြည့်ကြတဲ့အတွက် အွန်လိုင်းမှာ သတင်းမှန်လား၊ သတင်းမှားလားဆိုတာ ခွဲခြားပြီးတော့ မသိနိုင်ကြတော့ဘူး။ အဲဒီအတွက် သက်ဆိုင်ရာကနေ သတင်းမှန် ထုတ်ပြန်နိုင်ရေးဟာ အင်မတန်မှ အရေးပါပါတယ်။ ဒါကြောင့်မို့ အခုလိုသင်တန်းမျိုးဟာ ကျွန်တော်တို့ ဝန်ကြီးဌာနအတွက်ရော ပြန်ကြားရေးဝန်ကြီးဌာနအတွက်ပါ အလွန်အကျိုးရှိတဲ့ သင်တန်းဖြစ်ပါတယ်"ဟု ပြောသည်။

ယခုဖွင့်လှစ်သည့် မှတ်တမ်းဗီဒီယို ရိုက်ကူးတည်းဖြတ်ခြင်း၊ မှတ်တမ်းဓာတ်ပုံ ရိုက်ကူးခြင်း၊ သတင်း ရေးသားခြင်းဆိုင်ရာ သင်တန်း အမှတ်စဉ်(၂) ကို နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုပေါင်းရုံးခန်းမ၌ အောက်တိုဘာ ၂၅ ရက်မှ နိုဝင်ဘာ ၁၁ ရက်အထိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနတို့မှ သင်တန်းနည်းပြများက စာတွေ့၊ လက်တွေ့သင်ကြားပို့ချပေးလျက်ရှိသည်။



အဆိုပါ သင်တန်းသို့ နေပြည်တော်ရှိ ဝန်ကြီးဌာန ၁၂ ခုမှ သင်တန်းသား သင်တန်းသူ ၄၈ ဦး တက်ရောက် လေ့လာလျက်ရှိကြောင်း သိရသည်။

**ဇင်ဦး(မြန်မာ့အလင်း)**

**ဓာတ်ပုံ - သီဟစည်သူ**

## နိုင်ငံသားစိစစ်ရေးကတ်အကြောင်း သိကောင်းစရာ သီပေါမြို့၌ အသိပညာပေးဆွေးနွေး

**သီပေါ နိုဝင်ဘာ ၄**

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ်အတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားပြည်သူများ နိုင်ငံသားစိစစ်ရေးကတ်အကြောင်း သိကောင်းစရာများကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးတို့ပူးပေါင်း၍ ပြည်သူများသို့ ပညာပေးဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လူထုအခြေပြု ဗဟိုဌာနခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်ခင်နီလာစိုးက အသိပညာပေးဆွေးနွေးပွဲပြုလုပ်ခြင်း ရှင်းလင်းပြောကြားပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးတင်ကိုကိုဝင်းက တိုင်းရင်းသားပြည်သူများအနေဖြင့် အသက် ၁၀ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ် လျှောက်ထားရာ၌ လည်းကောင်း၊ နိုင်ငံသားစိစစ်ရေးကတ် ပျောက်ဆုံးပျက်စီး၍ မိတ္တူလျှောက်ထားရာတွင် လည်းကောင်း ဆောင်ရွက်ရာတွင် လိုအပ်သော စာရွက်စာတမ်းများနှင့် မိမိတို့ထံတွင် မှတ်ပုံတင်နှစ်ခုနှင့် အိမ်ထောင်စုစာရင်းနှစ်ခုဖြစ်နေပါက မြို့နယ် လ.ဝ.က ရုံးသို့ ယခုနှစ် နိုဝင်ဘာ ၁၅ ရက် နောက်ဆုံးထားလာရောက်အပ်နှံကြရန်နှင့် အပ်နှံခြင်းမရှိပါက နောက်ဆုံးထုတ်ပေးသည့် နေရပ်လိပ်စာနှင့် အိမ်ထောင်စုစာရင်းများကိုသာ အတည်ပြုသွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

**စိုင်း(သီပေါ)**




## ပြင်ဦးလွင်မြို့၌ စီမံခန့်ခွဲမှုစွမ်းဆောင်ရည်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**ပြင်ဦးလွင် နိုဝင်ဘာ ၄**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့၌ စီမံခန့်ခွဲမှုစွမ်းဆောင်ရည်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ နံနက် ၈ နာရီက အမှတ် (၄) အခြေခံပညာ အထက်တန်းကျောင်းရှိ ကံ့ကော်ခန်းမဆောင်၌ ပြုလုပ်သည်။

ရှေးဦးစွာ မြို့နယ်ပညာရေးမှူး ဒေါ်စန်းစန်းနွဲ့က အထက်တန်း၊ အလယ်တန်း၊ မူလတန်း ကျောင်းအုပ်ကြီးများ စီမံခန့်ခွဲမှုစွမ်းဆောင်ရည် မြင့်မားစေရန်နှင့် မိမိတာဝန်ယူရသော လုပ်ငန်းတွင် စည်းစနစ်ကျပြီး မှန်မှန်ကန်ကန်နှင့် မြန်မြန်ဆန်ဆန် လုပ်ဆောင်နိုင်ရန်အတွက် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း ပြောကြားသည်။

အလုပ်ရုံ ဆွေးနွေးပွဲတွင် မြို့နယ်ပညာရေးမှူး၊ ဒုတိယမြို့နယ်ပညာရေးမှူး (စီမံ+ဘဏ္ဍာ) နှင့် ဒုတိယမြို့နယ်ပညာရေးမှူး (ပညာ) တို့က မြန်မာ့ပညာရေး တိုးတက်စေရန်အတွက် စီမံ၊ ဘဏ္ဍာ၊ ပညာ၊ စီမံကိန်းစာရင်းအင်းမှတ်တမ်း၊ စီမံကိန်းများ ကြီးကြပ်အကဲဖြတ်၊ နယ်စပ်ဌာနများ၏ လုပ်ငန်းဆိုင်ရာများကို ဆွေးနွေးပို့ချလျက်ရှိပြီး ပြင်ဦးလွင်မြို့နယ်အတွင်းရှိ မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းအုပ်ဆရာ၊ ဆရာမကြီး ၁၅၀ ခန့် တက်ရောက်ကြကြောင်းနှင့် အလုပ်ရုံဆွေးနွေးပွဲကို နိုဝင်ဘာလ ၄ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင် (ပြန် / ဆက်)**



*စာမျက်နှာ ၁၆ မှ*

ပစ္စက္ခအကျိုးများ၊ မည်သည်က ကြီးမားသည်ကို ယှဉ်ပြီး မေးလျှောက်၏။ ဘုရားရှင်ကား သိသာမြင်သာသော ဥပမာများ ပေး၍ ဟောပြဆုံးမ၏။ အချုပ်ကတော့ မည်သူပင်ဖြစ်စေ ရဟန်းပြုပြီးသည်ဆိုလျှင် မိမိကစ၍ ရှိခိုး အရိုအသေ ပြုရသည်၊ ပစ္စည်းလေးပါး လှူဒါန်းရသည်အထိ ရဟန်းတစ်ပါး၏ မြင့်မြတ်ဂုဏ်ကို ထိုသူသည် ရရှိသွားသည်မဟုတ်ပါလား၊ ရဟန်းတို့သည် ဗုဒ္ဓ၏ဂုဏ်တော်များကို ကြည်ညိုလျက် ရဟန်းပြုခဲ့ကြသည်။ ရဟန်းဖြစ်သည်နှင့် ပိတ်ဆို့စောင့်စည်းခြင်းဟူသော ပါတိမောက္ခ သံဝရသီလ စသည့် အဓိသီလသိက္ခာများကို စောင့်ထိန်းရသည်၊ ကောင်းမြတ်သော အပြစ်ကင်းသည့် အကျင့်ကိုသာ ကျက်စားတော့သည်။

ကြောက်စရာ အာပတ်ဘေးမသင့်အောင် စင်ကြယ်စွာ ပြုမူပြောဆိုနေထိုင်ရသည်။ မိမိ၏ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်ကာယစိတ်ဒွါရဖြစ်ပေါက်များကို အသိ သတိဖြင့် ထိန်းချုပ်ရသောအခါ အကုသိုလ်များမှ ရှောင်လွှဲရာသည်။ ရသမျှနှင့် တင်းတိမ်ရောင့်ရဲစွာနေထိုင်ပြီး လူသံတိတ်ဆိတ်၊ ဆူညံရိပ်အောက်မှာမရှိဘဲ သင့်ရာကမ္မဋ္ဌာန်း ပွားများကာဖြင့် ရှုဖန်များသော် စျာန်ဖြင့်ယှဉ်၍ နိဝရဏကင်းစင်သော သမာဓိ အဘိညာဉ်ကို ရရှိစေမည်ဖြစ်သည်။ သီလသမာဓိအပေါ်တွင် ဝိပဿနာပညာဉာဏ်များ ဆင့်လာလျှင်ဖြင့် အဆုံးတွင် မဂ်ဖိုလ်နိဗ္ဗာန်အထိ ရောက်တတ်ရအပ်သော အကျိုးများကား ရဟန်းပြုခြင်းဖြင့် ရရှိနိုင်သော များစွာသောအကျိုးများ " သာမညဖလ" တည်း။

### ရတတ်ရာရာ ဘဝသင်ခန်းစာများ

အဇာတသတ်မင်းနှင့် သာမညဖလသုတ်တော်ကပေးသော ဘဝသင်ခန်းစာကား များစွာအကျိုးရှိလှသည်။ လောကီစည်းစိမ်ထက် လောကုတ္တရာချမ်းသာက ပို၍မြတ်ကြောင်း ဤသုတ်တော်လာအရ သိရှိရပါလိမ့်မည်။ ပတ်ဝန်းကျင်ကောင်းနှင့် ဆရာကောင်း၊ မိတ်ဆွေကောင်းကို ရွေးချယ်ပေါင်းသင်းတတ်ရန်နှင့် ကိုးကွယ်မှုမမှားရန် အရေးကြီးပုံကို ပြောပြနေသည်။ မိတ်ဆွေယုတ်ကို ပေါင်းမိခြင်းသည် ဒုက္ခကိုသာဖြစ်စေပြီး အကျိုးယုတ်စေသည်။ ငြိမ်းချမ်းတည်ငြိမ်သည့် ပတ်ဝန်းကျင်၊ စည်းကမ်းရှိ အကျင့်စာရိတ္တကောင်းပြီး ယဉ်ကျေးသည့် လူ့အသိုင်းအဝိုင်းတွင် နေထိုင်တတ်ကြသူများသည်သာ ငြိမ်းချမ်းခြင်းနှင့် ထိုက်တန်သူများဖြစ်သည်။

အတွေးအခေါ်ကောင်းပြီး မှန်ကန်သော အမြင်ရှိသူများနှင့် ပေါင်းသင်းသူသည် တိုးတက်သည်သာဖြစ်သည်။ မိမိအမှားကို ပြန်လည်ပြင်ဆင်၊ သင်ခန်းစာယူတတ်ပြီး အမှန်ကို ရဲရဲဝံ့ဝံ့ ပြုလုပ်ရဲသည့် သတ္တိကိုလည်း မွေးဖွားနိုင်စွမ်း ရှိရပါမည်။ လိမ်ညာဟန်ဆောင်မှုကင်းပြီး ရိုးသားဖြောင့်မတ်ရာ ဝန်းကျင်တစ်ခုသည် အဆိပ်အတောက်ကင်းစင်သည်ကို ဤဥပမာများက ပြဆိုနေပါသည်။

နိဂုံးကမ္ပတ်အဆုံးသတ်၍ ဆုတောင်းပြုမိလေသည်မှာ ဤတန်ဆောင်မုန်းအခါသမယတွင် သာမညဖလသုတ်တော်ဖြင့် သာသနာတော်ကို မှုန်းခြယ်သပြီး ကုသိုလ်တရားများတိုးပွားနိုင်ကြပါစေ၊ ဓမ္မအရိပ်အောက်တွင် တန်ဖိုးရှိသောလူ့ဘဝကို အဓိပ္ပာယ်ရှိစွာ အသုံးချနိုင်ကြပါစေ။ သာယာကြည်နူးဖွယ်ရာ တန်ဆောင်မုန်းလပြည့်နေ့ လပြည့်ညများနှင့်အတူ လန်းဆန်းဝေဖြာ အေးချမ်းသာယာကြပါစေ၊ ဘေးဘယာများ ဝေးကွာကြပါစေ ... ဟူ၍ဖြစ်ပါသည်။ ။

# ဗီယက်နမ်နိုင်ငံ၏ သစ်သီးထုတ်လုပ်တင်ပို့မှု ထိုင်းနိုင်ငံကိုအမီလိုက်ရန် ရည်ရွယ်ထား

**ဟနွိုင်း နိုဝင်ဘာ ၄**

ထိုင်းနိုင်ငံ၏ သစ်သီးဝလံထုတ်လုပ်မှုသည် ၂၀၂၂ ခုနှစ်တွင် သစ်သီးတင်ပို့မှုမှ ဝင်ငွေ အမေရိကန်ဒေါ်လာ ၈ ဒသမ ၅၃ ဘီလီယံခန့်ရှိမည်ဟု ခန့်မှန်းထားရာ ဗီယက်နမ်နိုင်ငံ သစ်သီးဝလံလုပ်ငန်းကဏ္ဍအနေဖြင့် ထိုင်းနိုင်ငံကို အမီလိုက်နိုင်ရန် ရည်ရွယ်ထားကြောင်း သိရသည်။

ဗီယက်နမ်နိုင်ငံ လယ်ယာစိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ အချက်အလက်များအရ ဗီယက်နမ်နိုင်ငံ၏ သစ်သီးဝလံထုတ်လုပ်နိုင်မှုသည် တစ်နှစ်လျှင် တန်ချိန် ၁၂ သန်းမှ ၁၃ သန်းခန့်အထိရှိသဖြင့် ပြည်တွင်းစားသုံးမှုအတွက် ဖူလုံသည့်အပြင် ကမ္ဘာ့နိုင်ငံပေါင်း ၆၀ ခန့်သို့ တင်ပို့လျက်ရှိပြီး နှစ်စဉ် အမေရိကန်ဒေါ်လာ ဘီလီယံချီ ဝင်ငွေရရှိနေသည်ဟု ဆိုပါသည်။



ဗီယက်နမ်မှ ဥရောပဈေးကွက်သို့ တင်ပို့မည့် သစ်သီးများကို ထုပ်ပိုးနေစဉ်။

၂၀၁၉ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံ၏ သစ်သီးဝလံနှင့်ဟင်းသီးဟင်းရွက်တင်ပို့မှုမှဝင်ငွေ အမေရိကန်ဒေါ်လာ ၃ ဒသမ ၇ ဘီလီယံရရှိခဲ့သော်လည်း ၂၀၂၀ ပြည့်နှစ်တွင် အမေရိကန်ဒေါ်လာ ၃ဒသမ၂၆ ဘီလီယံ၊ ၂၀၂၁ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၃ ဒသမ ၅၅ ဘီလီယံဖြင့် အနည်းငယ်ကျဆင်းခဲ့သည်။ တစ်ဖက်တွင် ထိုင်းနိုင်ငံ၏ သစ်သီးဝလံတင်ပို့မှုဝင်ငွေမှာ ၂၀၁၉ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၃ ဒသမ ၇၆ ဘီလီယံမှ ၂၀၂၀ ပြည့်နှစ်တွင် အမေရိကန်ဒေါ်လာ ၄ ဒသမ ၂ ဘီလီယံ၊ ၂၀၂၁ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၅ ဒသမ ၃ ဘီလီယံသို့ တိုးတက်ခဲ့ကြောင်း သိရသည်။

ဗီယက်နမ်နိုင်ငံ၏ သစ်သီးဝလံ ထုတ်လုပ်မှုသည် ထိုင်းနိုင်ငံ၏ ထုတ်လုပ်နိုင်မှုထက် ၂ ဒသမ ၄ ဆ နီးပါး ပို၍မြင့်မားသော်လည်း ဗီယက်နမ်နိုင်ငံ၏ သစ်သီးတင်ပို့မှုဝင်ငွေမှာ တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ သုံးဘီလီယံကျော်ဝန်းကျင်သာ ရရှိနေဆဲဖြစ်သည်။

**ဈေးကွက်ရှာဖွေရေးအစီအစဉ်များ**

ထိုင်းနိုင်ငံအနေဖြင့် ဈေးကွက်သုတေသနနှင့် ဖွံ့ဖြိုးမှုပိုင်းတွင် များစွာရင်းနှီးမြှုပ်နှံထားပြီး ထိုင်းနိုင်ငံရှိ တက္ကသိုလ်များ၊ သုတေသနအဖွဲ့အစည်းများသည် အနာဂတ်အတွက် မဟာဗျူဟာများ ချမှတ်ထားကြကြောင်း၊ ဈေးကွက်ရှာဖွေရေးအပိုင်းတွင် ပို၍ပရော်ဖက်ရှင်နယ်ဖြစ်လာစေရန်အတွက် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ထားပြီး ထိုင်းနိုင်ငံ၏ ဈေးကွက်ရှာဖွေရေးအစီအစဉ်များမှာ ထိရောက်မှုများစွာရှိလာကြောင်း ဗီယက်နမ် အရည်အသွေးမြင့်ထုတ်ကုန်များဆိုင်ရာ စီးပွားရေး လုပ်ငန်းအသင်း (Business Association of High Quality Vietnamese Products) ၏ ဥက္ကဋ္ဌဖြစ်သူ Ms. Vu Kim Hanh က ပြောကြားသည်။

## ရေနံထုတ်လုပ်မှုလျှော့ချခြင်းကြောင့် အနောက်နိုင်ငံများ၌ စွမ်းအင်ရှားပါးမှုဖြစ်စေသည်ဟူသော စွပ်စွဲချက်များကို OPEC ရေနံဝန်ကြီးများက ပယ်ချခဲ့

**ဗီယင်နာ နိုဝင်ဘာ ၄**

OPEC+ ဟုသိကြသော အဖွဲ့တစ်ခုဖြစ်သည့် ရေနံထုတ်လုပ်တင်ပို့သည့် နိုင်ငံများအဖွဲ့ (The Organization of the Petroleum Exporting Countries – OPEC)နှင့် ၎င်း၏ မဟာမိတ်များက ဝန်ကြီးအဆင့် အစည်းအဝေးတစ်ရပ်ကို ၂၀၂၂ ခုနှစ် အောက်တိုဘာ ၅ ရက်က ကျင်းပခဲ့ပြီး မကြာသေးမီက ရေနံဈေးနှုန်းများ ကျဆင်းလာခြင်းကြောင့် ၂၀၂၂ နိုဝင်ဘာလမှစတင်၍ တစ်နေ့လျှင် ရေနံစည်နှစ်သန်း ထုတ်လုပ်မှုကို လျှော့ချမည်ဟု ကြေညာခဲ့သည်။

အဆိုပါပမာဏသည် ယခုနှစ် ကမ္ဘာ့ရေနံဝယ်လိုအား၏ ၂ ရာခိုင်နှုန်းဝန်းကျင်နှင့်ညီမျှကြောင်း သိရသည်။ ရေနံတင်ပို့သည့်နိုင်ငံများအဖွဲ့ (OPEC) ၏ စွမ်းအင်ဝန်ကြီးများသည် ရေနံထုတ်လုပ်မှုလျှော့ချခြင်းကြောင့် “စွမ်းအင်မလုံလောက်မှုကို ဖြစ်စေသည်” ဟူသော အနောက်နိုင်ငံများ၏ စွပ်စွဲချက်များကို ပယ်ချခဲ့သည်။

ကွန်ဂိုသမ္မတနိုင်ငံ ဟိုက်ဒရိုကာဗွန်ဆိုင်ရာဝန်ကြီး Bruno Jean-Richard Itoua က OPEC မှ ရေနံထုတ်လုပ်မှုလျှော့ချခြင်းသည် OPEC အဖွဲ့ဝင်နိုင်ငံအချို့အပါအဝင် အာဖရိကတွင် စွမ်းအင်ရှားပါးမှု ပြဿနာများကို ဖြေရှင်းနိုင်ရန်ဖြစ်ကြောင်း၊ အာဖရိကနိုင်ငံများသည် စွမ်းအင်ရှားပါးမှုကို ဖြေရှင်းရန် ရေနံနှင့်သဘာဝဓာတ်ငွေ့မှ အခွန်ဘဏ္ဍာလိုအပ်မှုများကြောင့် OPEC+ အနေဖြင့် ရေနံဈေးကွက်ကို တည်ငြိမ်စေရန် ထုတ်လုပ်မှုကို လျှော့ချနေခြင်းဖြစ်ကြောင်းနှင့် အဆိုပါကိစ္စရပ်မှာ ကမ္ဘာ့စီးပွားရေးနှင့် စွမ်းအင်ဈေးကွက်အတွက် အကျိုးရှိစေမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ထို့အပြင် OPEC+ ၏ ရပ်တည်ချက်ကို အာဖရိကနိုင်ငံများက အပြည့်အဝထောက်ခံကြောင်း ၎င်းက ပြောကြားခဲ့သည်။

OPEC အထွေထွေအတွင်းရေးမှူး Haitham Al Ghais က သတင်းစာရှင်းလင်းပွဲတွင် OPEC+ ၏ စွမ်းအင်ထုတ်လုပ်မှု ဖြတ်တောက်ခြင်းနှင့်ပတ်သက်၍ ခုခံကာကွယ်ပြောကြားခဲ့ပြီး စွမ်းအင်ဈေးကွက်အတွက် တည်ငြိမ်မှုနှင့် လုံခြုံမှုပေးရန် ရည်ရွယ်ကြောင်း ပြောကြားခဲ့သည်။

## အိန္ဒိယ၌ မိုးသီးနှံထုတ်လုပ်မှု လျော့နည်းကျဆင်း

**ဒေလီ နိုဝင်ဘာ ၄**

အိန္ဒိယနိုင်ငံတွင် မိုးသီးနှံစိုက်ဧရိယာသည် ယခုအချိန်အထိ လျော့နည်းလျက်ရှိပြီး ယခုနှစ် မိုးသီးနှံထုတ်လုပ်မှုမှာ တန်ချိန် ၁၄၉ ဒသမ ၉ သန်းခန့်သာရှိ၍ ယခင်နှစ်ထုတ်လုပ်မှုထက် ၄ ရာခိုင်နှုန်း လျော့နည်းနေကြောင်း သိရသည်။

ပဲမျိုးစုံစိုက်ဧရိယာမှာ ၅ ဒသမ ၆ ရာခိုင်နှုန်းထိ လျော့နည်းလျက်ရှိပြီ အချို့ဒေသများတွင် မိုးရေအလုံအလောက် မရရှိသောကြောင့် ပဲမျိုးစုံစိုက်ဧရိယာ ကျဆင်းလာသည်။ အိန္ဒိယနိုင်ငံအနေဖြင့် မိုးသီးနှံစိုက်ပျိုးထုတ်လုပ်မှု ၄ ရာခိုင်နှုန်း လျော့နည်းသွားသော်လည်း ဆည်များတွင် ရေပြည့်နေသောကြောင့် ဆောင်းသီးနှံစိုက်ပျိုးရာတွင် အဆင်ပြေနိုင်ကြောင်း သိရသည်။ ပြည်နယ်အချို့တွင် မိုးများပြီး ရေကြီးမှုများကြောင့် မတ်ပဲသီးနှံစိုက်ခင်းများ အပျက်အစီးများခဲ့ပြီး မတ်ပဲဈေးနှုန်းသည် ရက်ပိုင်းအတွင်း တစ်ကွမ်တယ်လျှင် ၄၀၀-၅၀၀ ရူပီးခန့် မြင့်တက်လာနိုင်ကြောင်း ခန့်မှန်းထားကြသည်။

အိန္ဒိယနိုင်ငံ ဒေလီနှင့် မွန်ဘိုင်းဈေးကွက်များတွင် ပဲခွဲစက်ရုံများ၏ ဝယ်လိုအားနှင့် ရာသီဥတုဆိုးရွားလာမှုကြောင့် မတ်ပဲဈေး ၁ ဒသမ ၃ ရာခိုင်နှုန်းမြင့်တက်လာကြောင်း၊ တစ်ချိန်တည်းမှာပင် အိန္ဒိယအစိုးရအေဂျင်စီ Nafed က အရန်ပဲသိုလှောင်ရန် ရည်ရွယ်ပြီး ပြည်ပမှတင်သွင်းထားသော မတ်ပဲများအနက်မှ မတ်ပဲတန်ချိန် ၁၅၀၀ ကို ဝယ်ယူခဲ့ကြောင်း၊ အိန္ဒိယနိုင်ငံကို မတ်ပဲတင်ပို့လျက်ရှိသော မြန်မာ့မတ်ပဲ FAO ဈေးနှုန်း တစ်တန်လျှင် ၈၈၅ ဒေါ်လာမှ ၈၉၅ ဒေါ်လာနှင့် မတ်ပဲ (SQ) ဈေးနှုန်း တစ်တန်လျှင် ၁၀၁၅ ဒေါ်လာမှ ၁၀၂၀ ဒေါ်လာအထိရှိကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ၏ အစိုးရအေဂျင်စီတစ်ခုဖြစ်သည့် (National Agricultural Cooperative Marketing Federation of India Ltd – Nafed) သည် စက်တင်ဘာ ၂၆ ရက်နှင့် ၂၇ ရက်တွင် ပြည်ပမှ တင်သွင်းထားသော မတ်ပဲများဝယ်ယူသည့် တင်ဒါခေါ်ထားပြီး ၎င်းမှာ အိန္ဒိယအစိုးရကိုယ်စား မတ်ပဲများ ဝယ်ယူခြင်းဖြစ်ကြောင်း၊ ပြည်တွင်း၌ ပဲဈေးတက်လာပါက ဝယ်ယူထားသောပဲများကို ပြန်လည်ရောင်းချမည်ဖြစ်ကြောင်း သိရသည်။ ထို့အပြင် National Cooperative Consumer Federation(NCCF) သည်လည်း စားသုံးသူရေးရာဌာနအတွက် ပြည်ပမှ တင်သွင်းထားသော မတ်ပဲနှင့် ပဲစင်းငုံများ ဝယ်ယူရန် တင်ဒါခေါ်ထားကြောင်း သိရသည်။

အိန္ဒိယအစိုးရသည် လွန်ခဲ့သော နှစ်နှစ်ခန့်က သိုလှောင်ထားသော အရန်မတ်ပဲ တန်ချိန် သုံးသန်းကို Nafed အေဂျင်စီမှ တစ်ဆင့် သတ်မှတ်ဈေးနှုန်း MSP ထက် လျှော့ဈေးဖြင့် စတင်ရောင်းချလျက်ရှိကြောင်း၊ ရောင်းချနေသည့် မတ်ပဲဈေးနှုန်းများသည် ၂၀၂၁-၂၀၂၂ နှင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွက် အစိုးရမှသတ်မှတ်ပေးထားသော MSP ဈေးတစ်ကွမ်တယ်လျှင် ၅၂၃၀ ရူပီးနှင့် ၅၁၀၀ ရူပီးအောက် လျော့နည်းကြောင်း သိရသည်။

ယခု ပြင်ပပဲဈေးကွက်များတွင် မတ်ပဲဈေးနှုန်းသည် ၄၃၀၀-၄၆၀၀ ရူပီးခန့်ရှိပြီး အစိုးရသည်မတ်ပဲအဟောင်းများကို ဈေးနှုန်းလျှော့ချ၍ ရောင်းချနေသောကြောင့် မတ်ပဲဈေးနှုန်းများ ထပ်မံကျဆင်းနိုင်ကြောင်း ကျွမ်းကျင်သူများက ခန့်မှန်းထားကြသည်။



ပဲမျိုးစုံစိုက်ပျိုးရန် မြေယာပြုပြင်နေသည့် အိန္ဒိယတောင်သူများ။

## EU နှင့် ဂျပန် စီးပွားရေးပူးပေါင်းမှု၌ နယ်စပ်ဖြတ်ကျော် သတင်းအချက်အလက်စီးဆင်းမှုဆိုင်ရာ စည်းမျဉ်းများထည့်သွင်းရန်ညှိနှိုင်း

**ဘရပ်ဆဲလ် နိုဝင်ဘာ ၄**

အီးယူနှင့်ဂျပန်တို့သည် ၎င်းတို့လက်မှတ်ရေးထိုးထားသည့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ် (Economic Partnership Agreement-EPA) တွင် သတင်းအချက်အလက်စီးဆင်းမှုဆိုင်ရာ စည်းမျဉ်းများ ထပ်မံထည့်သွင်းနိုင်ရန် စေ့စပ်ညှိနှိုင်းမှုများ ပြုလုပ်ခြင်းဖြင့် နှစ်နိုင်ငံဆက်ဆံရေးကို နောက်တစ်ဆင့်တက်ရန် သဘောတူခဲ့ကြသည်။

နှစ်နိုင်ငံအကြား တရားဝင်ညှိနှိုင်းဆွေးနွေးပွဲများကို ဘရပ်ဆဲလ်မြို့တွင် အောက်တိုဘာ ၂၄ ရက်က စတင်ကျင်းပခဲ့သည်။ ဂျပန်နှင့် EU တို့၏ သဘောတူညီချက်တွင် ခေတ်မီဒစ်ဂျစ်တယ်ကုန်သွယ်မှု စည်းမျဉ်းများကို ထည့်သွင်းခြင်းဖြင့် အီးယူအဖွဲ့ဝင်နိုင်ငံများနှင့် ဂျပန်ရှိ စားသုံးသူများနှင့် စီးပွားရေးလုပ်ငန်းများကို အကျိုးရှိစေမည် ဖြစ်ပါသည်။ အီးယူ-ဂျပန်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုသဘောတူစာချုပ် အသက်ဝင်ပြီးနောက် သုံးနှစ်အတွင်း နယ်စပ်ဖြတ်ကျော် သတင်းအချက်အလက်စီးဆင်းမှုဆိုင်ရာ ပြဋ္ဌာန်းချက်များ ထည့်သွင်းရန် အကဲဖြတ်မှုကိုပြုလုပ်ခဲ့ပြီး အီးယူနှင့်ဂျပန်တို့သည် ယခုအခါ တရားဝင်ညှိနှိုင်းမှုများစတင်ရန် အသင့်ဖြစ်နေပြီဖြစ်သည်။

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၅-၁၁-၂၀၂၂ စနေနေ့

**MRTV HD**

- **၀၆:၀၀** မင်းကွန်းဆရာတော်ဘုရားကြီး၏ ပရိတ်တရားတော်(**အဝုလိမာလသုတ်**)
- **၀၇:၀၀** နံနက်ခင်းသတင်း
- **၀၈:၃၅** "နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူ့အကျိုးပြုတစ်လတာ"(၂၀၂၂ခုနှစ်၊ အောက်တိုဘာလ)(စတုတ္ထပိုင်း)
- **၁၀:၀၀** သတင်းထဲကသတင်း
- **၁၀:၃၀** လူငယ်ရေးရာအစီအစဉ်
- **၁၁:၄၅** စားမြိန်ဖွယ်ရာပျို့မေ့လက်ရာ "အာပူရှက်ကြက်သောက်စမ်းနှင့် သင်္ဘောပွင့်နှင့် ခရမ်းကစော့သီးချက်"
- **၁၂:၃၀** နိုင်ငံခြားဇာတ်လမ်းတွဲ '**အတိတ်ဒါးဒါးအချစ်ချိုချို**' (အပိုင်း-၂၂)
- **၁၃:၃၀** MRTV National News
- **၁၄:၄၀** Weekly MNL Review
- **၁၄:၅၀** နိုင်ငံခြားဇာတ်လမ်းတွဲ '**အချစ်ဆိုသည်မှာ**' (အပိုင်း-၂၆)
- **၁၆:၃၅** ပုံပြင်ကမ္ဘာအစီအစဉ် "**အင်အားအကြီးဆုံးအရာ**"
- **၁၆:၄၅** ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
- **၁၇:၁၅** "ရသစုံစွာဤမြေကမ္ဘာ" (Week-1)
- **၁၇:၂၅** တန်ဆောင်တိုင်တေးများ
- **၁၇:၄၀** '**တူစုံနှံ့ပျော်တောင်ကြီးတန်ဆောင်တိုင်ပွဲတော်**'
- **၁၈:၀၀** ပြည်တွင်းသတင်း
- **၁၈:၃၅** သုတဝေဖြာ...သီရိဂေဟာ
- **၁၉:၁၅** မြန်မာဇာတ်လမ်းတွဲ '**အတိုးမပေးတဲ့...နီးလေး**' အပိုင်း(၉) (စိုးသီဟ၊ နေဆန်း၊ ယုသန္တာတင်၊ မေသန်းနု၊ ပန်းပန်၊ လှမျိုးသဉ္ဇာနွယ်)(ဒါရိုက်တာ-မျိုးထူး)
- **၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- **၂၁:၀၀** နိပါတ်တော်လာဇာတ်သဘင်မဟာ "မဟော်သဓာနှင့်အမရာဒေဝီ"
- **၂၂:၀၀** ဟိုတုန်းက...ရေဒီယိုအသံလွှင့်ဇာတ်လမ်း "**သစ္စာဖြင့်ရသောမေတ္တာ**"

**mitv**

- **07:01** Evergreen Classic: Myitta Phyan Mha Lenn Senn Mal (Thida Theint)
- **07:08** Weekly Review
- **07:25** The Art of Sand Painting
- **07:33** Faces Of ASEAN (Thailand)
- **07:41** Myanmar Designer Studio: Chit Su
- **08:01** News
- **08:27** Discovering Tribes: Akha- Their Life and Customs (Part-1)
- **08:43** Products of Myanmar - Bamboo Hat
- **08:52** Quiz Time (Ep-23)
- **10:01** News
- **10:27** Traditional Snacks
- **10:33** Significant Tazaungdine Festival of Pa-O

**MRTV NRC**

**အရှေ့ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)**
ရေနတ်ပူဇော်ခြင်း

**ချင်း (လိုင်ဇိုး) (၀၇:၀၀ မှ ၀၈:၀၀)**
ဝဥအကြောင်းသိကောင်းစရာ

**ချင်း (ချိုး) (၀၈:၀၀ မှ ၀၉:၀၀)**
ကြိတ်အေတို

**မွန် (၀၉:၀၀ မှ ၁၁:၀၀)**
မွန်ရိုးရာနေညိုဘုရားပန်းကပ်လှူခြင်းဓလေ့

**ရခိုင် (၁၁:၀၀ မှ ၁၃:၀၀)**
ကျောက်ရိုးတော်ဓာတ်စေတီ

**ရှမ်း (၁၃:၀၀ မှ ၁၅:၀၀)**
ရှမ်းဘာသာစကားပြောကြရအောင်(အပိုင်း-၅)

**'ဝ' (၁၅:၀၀ မှ ၁၇:၀၀)**
စကောထမင်းဟင်း

**ကချင် (၁၇:၀၀ မှ ၁၉:၀၀)**
လချိဒ်ရိုးရာဝတ်စားဆင်ယင်ပုံ

**ကယား (၁၉:၀၀ မှ ၂၁:၀၀)**
ကယားဘာသာစကားပြောကြရအောင်(အပိုင်း-၃)

**ဝကောကရင် (၂၁:၀၀ မှ ၂၂:၀၀)**
စပ်လဲရေတံခွန်သို့အလည်တစ်ခေါက်

**အနောက်ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀)**
ဆရာတော်မန်းစံထွန်းရဲ့တစ်နေ့တာလှုပ်ရှားမှု

**MRTV NEWS**

- **၀၆:၀၀** အဖွင့်၊ တေးသီချင်း
- **၀၆:၄၀** အားကစားသတင်း
- **၀၈:၃၀** နိုင်ငံတကာသတင်း (LIVE)
- **၀၈:၄၅** Weekly International News
- **၀၉:၀၀** ပြည်တွင်းသတင်း (LIVE)
- **၀၉:၁၅** နိုင်ငံ့ဖွံ့ဖြိုးတိုးတက်မှုရဲ့အားသိမ်မွေ့စွမ်းအားများ
- **၀၉:၃၀** နိုင်ငံတကာသတင်း(LIVE)
- **၁၁:၀၀** ပြည်တွင်းသတင်း (LIVE)
- **၁၂:၄၅** ခေတ်အလိုက်ကြေးမုံပြင် "**နိုင်ငံတော်သမ္မတများစီးနင်းခဲ့သည့်မော်တော်ကားများပြခန်း**"
- **၁၄:၀၀** MRTV National News
- **၁၅:၀၀** ပြည်တွင်းသတင်း (LIVE)
- **၁၆:၀၀** သတင်းမှန်ကဏ္ဍ (LIVE)
- **၂၁:၀၀** ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

- **၀၉:၀၀** အဖွင့်၊ အလံ
- **၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို "**အပေါင်းအသင်း**"
- **၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
- **၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း အပိုင်း-၃
- **၁၁:၀၀** PR SYSTEM စကားဝိုင်း
- **၁၁:၃၀** အတွေးအမြင်(အပိုင်း-၂)

**MRTV FARMERS'**

- **၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- **၀၆:၀၂** တောင်သူလယ်သမားရေးရာသတင်းနှင့် မိုးလေဝသ
- **၀၆:၅၀** "**တန်ဖိုးမြင့်ထုတ်ကုန်ဖွဲ့နည်းအစွမ်း**"
- **၀၇:၀၀** '**သွေးနွေးကြပယ်၊ ဝိုက်ပျိုးမွေးမြူနည်းအသွယ်သွယ်**"
- **၀၇:၅၀** လုပကျန်းမာသောသီးနှံများနှင့်မြို့ထိလာ
- **၀၈:၀၀** **ဆေးဖက်ဝင်ဟင်းသီးဟင်းရွက်နှင့်ကျန်းမာရေး**
- **၀၉:၂၅** ဆင်သေချောင်းနံ့ဘေးကတောင်သူဘဝ
- **၀၉:၅၀** ကလောမြို့နယ်မှဖွံ့ဖြိုးတိုးတက်နေသောကျေးရွာများ

**MRTV SPORTS**

- **၀၆:၀၀** အဖွင့်
- **၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
- **၀၇:၀၀** Sports News
- **၀၇:၃၀** Soccer View/Weekly Sports Info/Sports Diary/ Weekly MNL Review
- **၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
- **၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
- **၂၀:၀၀** ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်၊

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# "လှပသာယာပြည်မြန်မာ"ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဆုရရှိသူများစာရင်းထုတ်ပြန်

**နေပြည်တော် နိုဝင်ဘာ ၄**

၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် "လှပသာယာပြည်မြန်မာ" ရောင်စုံဓာတ်ပုံပြိုင်ပွဲကို ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဩဂုတ် ၃၀ ရက်မှ စက်တင်ဘာ ၃၀ ရက်အထိ ဖိတ်ခေါ်ကျင်းပခဲ့သည်။

ပြိုင်ပွဲတွင် နိုင်ငံတော်၏ဖွံ့ဖြိုးတိုးတက်မှုများ၊ သာယာလှပမှုများ၊ အေးချမ်းတည်ငြိမ်မှုများ၊ တိုင်းရင်းသားရိုးရာ အလှအပများ၊ ယဉ်ကျေးမှုအမွေအနှစ်များ၊ လွတ်လပ်ရေးကြိုးပမ်းမှုတွင် ထင်ရှားသည့်အမှတ်သင်္ကေတ၊ နေရာဒေသနှင့် လူပုဂ္ဂိုလ်များ စသည့် လွတ်လပ်ရေး၏ အနှစ်သာရကို ဖော်ကျူးရိုက်ကူးထားသည့် ဓာတ်ပုံများဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

အဆိုပါဓာတ်ပုံပြိုင်ပွဲသို့ ပညာရှင် ၁၉၉ ဦးက ပြိုင်ပွဲဝင် ပို့စကတ်ပေါင်း ၇၅၁ ပုံကို ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ပထမဆု စိုင်းထွန်းနေလှိုင်၊ ဒုတိယဆု ဦးမောင်မောင်လွင်(မုဒုံ)၊ တတိယဆု ဒေါ်စန်းစန်းဝေ တို့က ရရှိခဲ့ကြသည်။

အထူးဆုများအဖြစ် ဦးမောင်မောင်လွင်(မုဒုံ)၊ မချိုသက်လင်း၊ ဦးဇော်ဖြိုးအောင်၊ ဦးကျော်မျိုးသီဟ၊ ဦးကျော်သူ တို့က ဆုများရရှိခဲ့ကြသည်။ ဆုရရှိသူများအား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဆုများထိုက်တန်စွာချီးမြှင့်သွားမည်ဖြစ်ကြောင်းနှင့် ဆုပေးပွဲကျင်းပမည့်ရက်ကို ထပ်မံအသိပေးအကြောင်းကြားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ယာဉ်အန္တရာယ် ကင်းရှင်းရေး သန်လျင်၌ အသိပညာပေး

**သန်လျင် နိုဝင်ဘာ ၄**

သန်လျင်ခရိုင် သန်လျင်မြို့နယ်အတွင်း ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းစေရေးအတွက် ယနေ့နံနက်ပိုင်းမှစ၍ မြို့တွင်း မြို့ပြင် အဓိကလမ်းမကြီးများ တစ်လျှောက်တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာနိုင်ရေးအတွက် မြို့နယ်ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးကော်မတီက အဖွဲ့များခွဲကာ စစ်ဆေးခြင်း၊ အသိပညာပေးခြင်း၊ ညအချိန် သွားလာသောယာဉ်များ သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ရောင်ပြန်စတေကာများ တပ်ဆင်ထားရှိမှု ရှိ မရှိတို့ကို ကြပ်မတ်စစ်ဆေးဆောင်ရွက်လျက်ရှိသည်။

သန်လျင်မြို့နယ်အတွင်း ယာဉ်မတော်တဆမှုများ လျော့ပါးစေရေးအတွက် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ သတ်မှတ်စည်းကမ်းချက်များကို လိုက်နာခြင်းမရှိသောယာဉ်များကို စစ်ဆေးအရေးယူခြင်းတို့အား အရှိန်မြှင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းဝင်း (သန်လျင်)**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၄ - ၁၁ - ၂၀၂၂

**ရွှေ**

| | |
|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး တစ်ကျပ်သား ကျပ် | ၁၉၃၀၀၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး တစ်ကျပ်သား ကျပ် | ၁၉၃၆၀၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး တစ်အောင်စ အမေရိကန်ဒေါ်လာ | ၁၆၃၉ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး တစ်အောင်စ အမေရိကန်ဒေါ်လာ | ၁၆၄၄ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

**စက်သုံးဆီ(လက်လီဈေးနှုန်းများ)**

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၅၇၀ ကျပ် | ၂၆၁၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၆၄၅ ကျပ် | ၂၆၉၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၀၄၀ ကျပ် | ၂၀၈၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၀၃၅ ကျပ် | ၂၁၈၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၂၁၀၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၀၅၅ . ၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၄၈၄ . ၀ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၅ . ၉၃ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၄၂၁ . ၆ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၄၂ . ၂၉ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၈၉ . ၂၈ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၅ . ၄၆၆ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၁၀၀ | ၉၂၀၀ | ၃ | ၂၇၆၀၀ |
| MTSH | ၃၃၀၀ | ၃၄၀၀ | ၃၃၆ | ၁၁၀၉၉၀၀ |
| MCB | ၇၇၀၀ | ၇၇၀၀ | ၅၃ | ၄၀၈၁၀၀ |
| FPB | ၁၉၅၀၀ | ၀ | ၀ | ၀ |
| TMH | ၂၇၅၀ | ၂၇၅၀ | ၃၀ | ၈၂၅၀၀ |
| EFR | ၂၇၀၀ | ၂၇၀၀ | ၂၅၁ | ၆၇၇၇၀၀ |
| AHP | ၅၁၀၀ | ၄၉၀၀ | ၂၁ | ၁၀၄၉၀၀ |

ညီညီ - စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်းသတင်းထောက်များ - ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၃၊ **ရန်ကုန်ရုံးခွဲ-** အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ **စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# (၁၆) ကြိမ်မြောက် ပြင်ဦးလွင် တန်ဆောင်တိုင်ပွဲတော် ဖွင့်ပွဲအခမ်းအနား စည်ကားသိုက်မြိုက်စွာကျင်းပ

## နိုဝင်ဘာ ၄ ရက်မှ ၈ ရက်အထိ မီးပုံးပျံပြိုင်ပွဲများ၊ အားကစားပြိုင်ပွဲများ၊ ဖျော်ဖြေပွဲများ၊ စျေးရောင်းပွဲများဖြင့် ကျင်းပမည်

**မန္တလေး နိုဝင်ဘာ ၄**

၂၀၂၂ ခုနှစ် (၁၆) ကြိမ်မြောက် ပြင်ဦးလွင် တန်ဆောင်တိုင်ပွဲတော် ဖွင့်ပွဲအခမ်းအနားကို ၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၂ ရက်၊ ယနေ့ညနေပိုင်း၌ ပြင်ဦးလွင်မြို့ ဓမ္မရတီကုန်းမြေပေါ်တွင် တည်ထားကိုးကွယ်လျက်ရှိသော မဟာအံ့ထူးကံသာဆုတောင်းပြည့်ဘုရားကြီး (ပြည်ချစ်ဘုရား) အနီးရှိ မီးပုံးပျံကွင်းအတွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပရာ **(အောက်ပုံ)** မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကို၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် ကိုကိုဦး၊ တပ်မတော် အရာရှိကြီးများ၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြင်ဦးလွင် ခရိုင်/မြို့နယ် အခြေခံပညာကျောင်းများမှ ဆရာ/ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မီးပုံးပျံပညာရှင်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ၊ ဒေသခံပြည်သူများနှင့် ရပ်နီးရပ်ဝေးမှ ခရီးသွားဧည့်သည်များ တက်ရောက်ကြသည်။ ရှေးဦးစွာ ကျောင်းသား ကျောင်းသူလေးများက "ပြင်ဦးလွင်မီးပုံးပျံပွဲတော်" သီချင်းဖြင့် ဖျော်ဖြေကပြတင်ဆက်သည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားသည်။ ယင်းနောက် ဖွင့်ပွဲအထိမ်းအမှတ် မီးပုံးပျံငယ်အလုံး ၁၀၀၀ လွှတ်တင်ခြင်း၊ မီးရှူးမီးပန်းများ ပစ်ဖောက်ခြင်း၊ ဖွင့်ပွဲအထိမ်းအမှတ် စိန်နားပန် မီးပုံးပျံအား လွှတ်တင်သည်။ **(အပေါ်ပုံ)**







အဆိုပါ (၁၆) ကြိမ်မြောက် ပြင်ဦးလွင် တန်ဆောင်တိုင်ပွဲတော်ကို နိုဝင်ဘာ ၄ ရက်မှ ၈ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ပွဲတော်ကာလအတွင်း ဘုရားရင်ပြင်တော်၌ မသိုးသက်န်းရက်ကန်းခတ်ပူဇော်ပွဲကျင်းပပြီး တန်ဆောင်မုန်းလပြည့်နေ့ နံနက် ၅ နာရီတွင် ဗုဒ္ဓမြတ်စွာဘုရားအား မသိုးသင်္ကန်းဆက်ကပ်ပူဇော်ခြင်း၊ တန်ဆောင်မုန်းလပြည့်နေ့ ညနေပိုင်း၌ ဘုရားရင်ပြင်တော်၌ ဆီမီးကိုးထောင် ထွန်းညှိပူဇော်ခြင်း၊ ည ၇ နာရီမှစ၍ စိန်နားပန်မီးပုံးပျံများ၊ ညမီးကျည်မီးပုံးပျံများ လွှတ်တင်ခြင်း၊ မွန်းလွဲ ၁ နာရီမှစ၍ နေ့အရုပ်လှ မီးပုံးပျံများ လွှတ်တင်ခြင်းများ ထည့်သွင်းယှဉ်ပြိုင်မည်ဖြစ်ပြီး နိုဝင်ဘာ ၅ ရက်မှ စတင်ကာ နေ့စဉ်နံနက် ၈ နာရီမှ ညနေ ၆ နာရီအထိ ရိုးရာခြင်းအလှခတ်ပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ ဘော်လီဘောပြိုင်ပွဲနှင့် ဖူဆယ်ပြိုင်ပွဲများကို မီးပုံးပျံကွင်းအတွင်း ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး ဆုရရှိသည့်အသင်းများကို ဆုများ ထိုက်တန်စွာ ချီးမြှင့်သွားမည်ဖြစ်သည်။

ထို့ပြင် ပွဲတော်လာပြည်သူများကို မန္တလေးမြို့ ကျက်သရေဆောင် မြို့မ တူရိယာအဖွဲ့နှင့် ကျောက်ဆည်မြို့၏ ဆင်ကအဖွဲ့များက ဧည့်ခံဖျော်ဖြေမည်ဖြစ်ပြီး အစားအသောက်နှင့် လိုအပ်သည့် ပစ္စည်းများ ဝယ်ယူနိုင်ရန်အတွက်လည်း စားစရာအစုံအလင်နှင့် လူသုံးကုန်ပစ္စည်းမျိုးစုံပါသည့် ဆိုင်ခန်းများ၊ ကုမ္ပဏီအရောင်းပြခန်းများကိုပါ ဖွင့်လှစ်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

---

# ခရီးသွားပွင့်လင်းရာသီအစတွင် တန်ဆောင်တိုင်ပွဲတော်နှင့် ဘုရားဖူးခရီးစဉ်များအတွက် ခရီးသွားများပြင်ဆင်

**ရန်ကုန် နိုဝင်ဘာ ၄**

၂၀၂၂ ခုနှစ် ပွင့်လင်းရာသီ ခရီးသွားရာသီသို့ စတင်ဝင်ရောက်လာချိန်၌ ရန်ကုန်မြို့နှင့် အခြားမြို့ကြီးများမှ ခရီးသွားများအနေဖြင့် ပြင်ဦးလွင်နှင့် လားရှိုး တန်ဆောင်တိုင် မီးပုံးပျံပွဲတော်အပါအဝင် ဘုရားဖူးခရီးစဉ်၊ အပန်းဖြေခရီးစဉ်များအတွက် ကြိုတင်ပြင်ဆင်နေကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၏ မိတ်ဖက်အဖွဲ့အစည်းတစ်ခုဖြစ်သော ပြည်တွင်းဘုရားဖူးနှင့် ခရီးသွားဝန်ဆောင်မှုအသင်းမှ သိရသည်။

"လားရှိုးမီးပုံးပျံပွဲထက် ပြင်ဦးလွင်မီးပုံးပျံပွဲကို ခရီးသွားတွေ စိတ်ဝင်စားကြတယ်။ ပုပ္ပါး၊ ပုဂံ၊ မန္တလေး၊ အင်းလေး၊ ပင်းတယခရီးစဉ်ကိုလည်း စိတ်ဝင်စားကြတယ်။ အပန်းဖြေခရီးဆိုရင် ချောင်းသာ၊ ငွေဆောင်၊ ငပလီသွားမယ့်သူလည်း များတယ်။ မဟာဗောဓိမြိုင်ဆရာတော်ကြီး ဖူးတဲ့ခရီးစဉ်လည်း သွားကြတာများတယ်။ ခရီးသွားတွေကို မှန်လုံယာဉ်နဲ့ ပို့ပေးပြီး ထမင်းကျွေးတယ်။ ဟိုတယ်တည်းခိုဖို့အတွက်လည်း စီစဉ်ပေးတယ်။ တန်ဆောင်တိုင်ပွဲတော်ကနေ နှစ်သစ်ကူးအထိ ဆက်တိုက်ခရီးသွားဝန်ဆောင်မှု ရှိနေပါတယ်။ ကျိုက်ထီးရိုးခရီးစဉ်ကိုလည်း တောင်တက်ခရီးစဉ်နဲ့ တည်းခိုမှုအခမဲ့၊ စတုဒိသာ အကျွေးအမွေးတွေ ရှိတာကြောင့် ထူးခြားတဲ့ ဝန်ဆောင်မှုနဲ့အတူ ဘုရားဖူးတွေ သွားကြမှာပါ။ ပွင့်လင်းရာသီမှာ ကနဦး ပြည်တွင်းခရီးသွားတွေများပြီး နောက်ပိုင်း နိုင်ငံခြားခရီးသွားတွေ ဝင်ရောက်နိုင်တယ်လို့ ခန့်မှန်းထားပါတယ်။ ဒီလဆန်းပိုင်းမှာ ခရီးသွားလက်မှတ်ဝယ်ယူမှု များနေပါတယ်" ဟု မြန်မာနိုင်ငံ ပြည်တွင်းဘုရားဖူးများအသင်း ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အေးက ပြောသည်။

မြန်မာနိုင်ငံ၌ နှစ်စဉ်ပြည်တွင်းခရီးသွား ရှစ်သန်းခန့် ခရီးသွားလာလျက်ရှိပြီး ခရီးသွားအများဆုံး ဝင်ရောက်သောနေရာမှာ ကျိုက်ထီးရိုးစေတီတော်ဖြစ်၍ ဒုတိယအများဆုံးမှာ ပုဂံယဉ်ကျေးမှုနယ်မြေ ဖြစ်သည်။ အောက်တိုဘာလ သီတင်းကျွတ်ပွဲတော်မှ ဧပြီလ သင်္ကြန်ကာလအထိ မြန်မာနိုင်ငံ၌ ပွဲတော်ရက်အရှည်ဆုံး၊ ဘုရားဖူးဝင်ရောက်မှု အများဆုံးနှင့် အစည်ကားဆုံးနေရာမှာ ကျိုက်ထီးရိုးစေတီတော်မြတ်ဖြစ်ပြီး ၂၀၁၈-၂၀၁၉ စာရင်းအရ ကျိုက်ထီးရိုးသို့ ပြည်တွင်းခရီးသွား သုံးသန်းခန့် ဝင်ရောက်ခဲ့သည်။

ပြည်တွင်းခရီးသွားလာမှုတွင် ၂၀၁၉ ခုနှစ်အထိ သီတင်းကျွတ်၊ တန်ဆောင်တိုင် နှစ်သစ်ကူးပွဲတော် အပါအဝင် သင်္ကြန်ကာလအထိ ခရီးသွားများဖြင့် စည်ကားခဲ့ပြီး ၂၀၂၀ ပြည့်နှစ်တွင် ကမ္ဘာ့ကပ်ရောဂါကြောင့် ခရီးသွားလာမှုရပ်နားခဲ့ရာ ၂၀၂၂ ခုနှစ်တွင် နိုင်ငံတော်က ခရီးသွားကဏ္ဍကို ပြန်လည်ဖွင့်လှစ်ခဲ့၍ ပွင့်လင်းရာသီမတိုင်မီမှစပြီး ခရီးသွားများ စည်ကားခဲ့သည်။ ယခုနှစ် ဩဂုတ်လအတွင်း တောင်ပြုံးပွဲ၊ စက်တင်ဘာလတွင် အဘအောင်မင်းခေါင်ထွက်ပွဲနှင့် ပုပ္ပါးတောင်ဘုရားဖူးတို့ဖြင့် အထူးစည်ကားခဲ့ပြီး အောက်တိုဘာလတွင် ပုဂံ၊ ညောင်ဦး၊ တောင်ကြီး၊ မော်လမြိုင် (ကျိုက်ခမီ)၊ ငွေဆောင်၊ ချောင်းသာတို့၌ ခရီးသွားများ တစ်ဖွဲ့ဖွဲ့ဝင်ရောက်ခဲ့ကာ ယခုနိုဝင်ဘာလတွင်လည်း ဘုရားဖူးခရီးစဉ်နှင့် အပန်းဖြေခရီးစဉ်တို့အတွက် ခရီးသွားလက်မှတ်များကို ကြိုတင်ဝယ်ယူနေကြကြောင်း သိရသည်။

**ညိမ်းသူ (သတင်းစဉ်)**

---

## မတူပီမြို့၌ စစ်ကြောင်းကြီးငါးကြောင်းဖြင့် ပြည်သူများ၏ အခြေခံလိုအပ်ချက်များ ဖြည့်ဆည်းပေး

**မတူပီ နိုဝင်ဘာ ၄**

ချင်းပြည်နယ် မတူပီမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမျိုးသန့်၏ဦးဆောင်မှုဖြင့် မြို့နယ်ဌာနဆိုင်ရာများ ပါဝင်သောအဖွဲ့သည် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့်အတူ နိုင်ငံရေးစစ်ကြောင်း၊ ပြည်သူ့ရေးရာ စီမံခန့်ခွဲရေးစစ်ကြောင်း၊ စီးပွားရေးစစ်ကြောင်း၊ လုံခြုံရေးစစ်ကြောင်း၊ လူမှုရေးစစ်ကြောင်းကြီးများဖြင့် ဒေသခံပြည်သူများ၏ အခြေခံလိုအပ်ချက်များကို နိုဝင်ဘာ ၃ ရက်က ကွင်းဆင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။



မတူပီမြို့ ခိုဘွေရပ်ကွက် ဘုံတလာခန်းမ၌ ကွင်းဆင်းဆောင်ရွက်ပေးရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး စစ်ကြောင်းတစ်ခုချင်းအလိုက် အဖွဲ့ဝင်များက ဒေသတည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာများ၊ စိုက်ပျိုးရေးလုပ်ငန်းများ၊ လုံခြုံရေးလုပ်ငန်းများ၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာလုပ်ငန်းများ၊ ဒေသဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများနှင့်ပတ်သက်၍ တာဝန်ရှိသူများက ဟောပြောသည်။ ထို့နောက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးဌာနက ပြည်သူများသို့ အသိပေးထုတ်ပြန်ချက် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးကာ ပုံစံ (၆၆/၆) အိမ်ထောင်စုစာရင်း ၁၀ စုနှင့် ပြည်သူ ၁၅ ဦးအတွက် နိုင်ငံသားစိစစ်ရေးကတ်များကို ပြုလုပ်ပေးခဲ့သည်။ **ခရိုင်(ပြန်/ဆက်)**

---

## မိုင်းရယ်မြို့ လူထုအခြေပြုဇဟိုဌာန၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးဆိုင်ရာ အသိပညာပေး

**မိုင်းရယ် နိုဝင်ဘာ ၄**

ရှမ်းပြည်နယ်မြောက်ပိုင်း မိုင်းရယ်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ပူးပေါင်း၍ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးဆိုင်ရာ အသိပညာပေး Talk show ကို လူထုအခြေပြုဇဟိုဌာန၌ နိုဝင်ဘာ ၃ ရက်က ပြုလုပ်သည်။

Talk show တွင် ဒုမီးသတ်ဦးစီးမှူး စိုင်းလောင်ခမ်းက မီးသတ်ဦးစီးဌာန၏ ရည်ရွယ်ချက်ဖြစ်သည့် မီးလောင်မှုမဖြစ်ပွားစေရေး ကြိုတင်ကာကွယ်နိုင်ရန်နှင့် မီးလောင်မှုနှင့်ကြုံတွေ့လာသည့်အခါ ရှေးဦးမီးငြိမ်းသတ်နိုင်ရေး၊ မီးလောင်မှုမဖြစ်ပွားစေရေးအတွက် မိမိနေအိမ်ပတ်ဝန်းကျင်သန့်ရှင်းရေးပြုလုပ်ခြင်း၊ မီးတားလမ်းများဖောက်လုပ်ခြင်းနှင့် အရေးပေါ်မီးငြိမ်းသတ်ရေးပစ္စည်းကိရိယာများ၊ ပြုလုပ်ဆောင်ရွက်ထားရှိသင့်ကြောင်း စသည်တို့ကို ဆွေးနွေးသည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မိုင်းရယ်မြို့နယ်ရုံးအနေဖြင့် ပြည်သူများအသိပညာဗဟုသုတများ တိုးပွားစေရေးအတွက် မိုင်းရယ်ပြည်သူ့စာကြည့်တိုက် လူမှုကွန်ရက်စာမျက်နှာမှ အသိပညာပေး Talk Show များ၊ အထွေထွေဗဟုသုတများကို စဉ်ဆက်မပြတ် လွှင့်တင်ပေးလျက်ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# သာယာလှပ ရန်ကုန်တန်ဆောင်တိုင်လပြည့်ည ရောင်စုံဓာတ်ပုံပြိုင်ပွဲဖိတ်ခေါ်




**ရန်ကုန် နိုဝင်ဘာ ၄**

ရန်ကုန်မြို့ တန်ဆောင်တိုင်မီးထွန်းပွဲတော်နှင့် တန်ဆောင်တိုင်ဈေးရောင်းပွဲတော်ကို ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်၌ နိုဝင်ဘာ ၅ ရက်မှ ၇ ရက်အထိ နံနက် ၇ နာရီမှ ည ၁၀ နာရီအထိ ခမ်းနားစွာကျင်းပသွားမည်ဖြစ်ကာ မီးထွန်းပွဲတော်နှင့်အတူ ရောင်စုံဓာတ်ပုံပြိုင်ပွဲကိုလည်း ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

မီးထွန်းပွဲတော်တွင် ပြည်သူ့ရင်ပြင်အတွင်း အလှဆင်မီးများစွာ တန်ဆာဆင် ထွန်းညှိထားမည့်အပြင် တန်ဆောင်မုန်းလပြည့်ညတွင်လည်း မီးရှူးမီးပန်းပေါင်းများစွာ ပစ်ဖောက်သွားမည် ဖြစ်သည်။ ထို့အပြင် တန်ဆောင်တိုင်ဈေးပွဲတော်ကိုလည်း ထည့်သွင်းကျင်းပမည်ဖြစ်ကာ ဖျော်ဖြေရေးအစီအစဉ်အဖြစ် နိုင်ငံကျော်တေးသံရှင်များကလည်း သီဆိုဖျော်ဖြေကြမည်ဖြစ်သည်။

ထိုပွဲတော်တွင် မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်မည့် ရောင်စုံဓာတ်ပုံပြိုင်ပွဲကိုလည်း “သာယာလှပ ရန်ကုန်တန်ဆောင်တိုင်လပြည့်ည”ဟူသော ခေါင်းစဉ်ဖြင့် ကျင်းပပြုလုပ်သွားမည်ဖြစ်ကာ ပြိုင်ပွဲတွင် ပြည်သူ့ရင်ပြင်အပါအဝင် ရန်ကုန်မြို့၏ တန်ဆောင်တိုင်အလှပေါ်လွင်သော နေရာများ၏ တန်ဆောင်တိုင်မီးထွန်းပွဲ ကျင်းပနေမှုအလှအပကို ဖော်ညွှန်းရိုက်ကူးထားသောဓာတ်ပုံများဖြင့် ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ပြိုင်ပွဲစည်းကမ်းချက်များအနေဖြင့် မည်သည့်ကင်မရာအမျိုးအစားမဆို အသုံးပြုနိုင်ပြီး ပြိုင်ပွဲဝင်ဓာတ်ပုံအရွယ်အစားမှာ ၁၀ လက်မx ၁၅ လက်မ အရွယ်အစားတစ်မျိုးတည်းသာ ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း၊ ပုံအရေအတွက် အကန့်အသတ်မရှိ ယှဉ်ပြိုင်နိုင်ပြီး Hard Copy နှင့် Soft Copy (CD)ကို တစ်ပါတည်း ပူးတွဲပေးပို့ရမည်ဖြစ်ကြောင်း၊ ဒစ်ဂျစ်တယ်နည်းပညာဖြင့် ပြုပြင်ဖန်တီးထားသော ဓာတ်ပုံများနှင့် ဝက်ဘ်ဆိုက်များတွင် အသုံးပြုပြီးသော ဓာတ်ပုံများကို ပါဝင်ယှဉ်ပြိုင်ခွင့် မပြုကြောင်း၊ ပြိုင်ပွဲဝင်ဓာတ်ပုံများကို အများပြည်သူအကျိုးငှာ ပြပွဲများ၊ စာအုပ်စာစောင်များ၊ ဝက်ဘ်ဆိုက်များ၊ လက်ကမ်းစာစောင်များ၊ သင်ခန်းစာပို့ချမှုများနှင့် ဗီဒီယိုများ၌ အသုံးပြုခြင်းကို သဘောတူခွင့်ပြုရမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲဝင်ဓာတ်ပုံများတွင် ပြိုင်ပွဲဝင်သူ၏အမည်၊ မှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာ၊ ဓာတ်ပုံ၏ အကြောင်းအရာ၊ ရိုက်ကူးသည့်နေရာဒေသတို့ကို ဓာတ်ပုံများ၏ နောက်ကျော၌ သီးခြားစက္ကူဖြင့် ရေးကပ်၍ ပူးတွဲပေးပို့ရမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲဝင်ဓာတ်ပုံများကို ၂၀-၁၁-၂၀၂၂ ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍ SBS Express ၀၉-၇၆၅၄၂၇၀၉၀၊ ၀၉-၇၆၅၄၂၇၂၂၈ သို့ ပေးပို့ရမည်ဖြစ်ကြောင်း သိရသည်။

**အာကာလင်း**

## ဇီးကုန်းမြို့နယ်၌ အခြေခံပညာကျောင်းအုပ်ကြီးများ စီမံခန့်ခွဲမှုစွမ်းဆောင်ရည်မြင့်မားရေး အလုပ်ရုံဆွေးနွေး

**ဇီးကုန်း နိုဝင်ဘာ ၄**

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ်အတွင်း အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းများမှ ကျောင်းအုပ်ကြီးများ စီမံခန့်ခွဲမှုစွမ်းဆောင်ရည်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲကို နိုဝင်ဘာ ၃ ရက်က ဇီးကုန်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်း အစည်းအဝေးခန်းမဆောင်၌ ပြုလုပ်သည်။

အလုပ်ရုံဆွေးနွေးပွဲတွင် မြို့နယ်ပညာရေးမှူး(ကိုယ်စား) ဒုတိယမြို့နယ်ပညာရေးမှူး ဦးရဲထွဋ်ဦးက မြို့နယ်အတွင်းရှိ စာသင်ကျောင်းများ စနစ်တကျ ဖွံ့ဖြိုးတိုးတက်စေရန် ကျောင်းအုပ်ဆရာကြီး ဆရာမကြီးများ၏ စီမံခန့်ခွဲမှုသည် အရေးပါသည့်အတွက် မိမိတို့၏ စွမ်းဆောင်ရည်ကို တိုးတက်မြင့်မားအောင် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်းနှင့် ပညာရေးကဏ္ဍ တိုးတက်မြင့်မားလာစေရေး အလေးထား ဆောင်ရွက်ကြစေလိုကြောင်း အမှာစကားပြောကြားသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲသို့ မြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းများမှ ကျောင်းအုပ်ကြီး ၁၀၄ ဦးတက်ရောက်ပြီး ပညာရေးဆိုင်ရာ၊ စီမံခန့်ခွဲမှုဆိုင်ရာနှင့် ဘဏ္ဍာရေးဆိုင်ရာ ဘာသာရပ်များကို နိုဝင်ဘာ ၃ ရက်မှ ၄ ရက်အထိ နှစ်ရက်တာ ဆွေးနွေးပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၄**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

၅ -၁၁ - ၂၀၂၂ ရက်(စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ (၅၄)၊ အမှတ် (၄၅) တွင် ငွေကို သုံးသင့်သည်ကိုပဲသုံးပြီး စုသင့်သည်ကို စုရမည်ဖြစ်ကာ အသုံးနှင့်အဖြုန်းအကြောင်း နားလည်သွားသည့် နီတာ၏သူငယ်ချင်းများအကြောင်း ရေးဖွဲ့ထားသည့် “အသုံးနှင့်အဖြုန်း” မျက်နှာဖုံးကာတွန်း၊လူတို့၏ ဦးနှောက်ရှိ မှတ်ဉာဏ်၏ အလုပ်လုပ်ပုံအကြောင်း ဗဟုသုတဖြစ်ဖွယ် တင်ဆက်ထားသည့် “မှတ်ဉာဏ်” သုတဆောင်းပါး၊ ကလေးတို့ကိုယ်တိုင် ရေးဆွဲထားသည့် ပန်းချီလက်ရာများကို တင်ဆက်ထားသည့် “ရွှေသွေးတို့လက်ရာ” ကဏ္ဍ၊ သူစိမ်းတစ်ယောက်ကို ဦးလေးဟုထင်မှတ်ကာ အိမ်ထဲခေါ်မိရာက ဒုက္ခရောက်သွားသော ကိုစည့်အဖြစ်ကို ရေးဖွဲ့ထားသည့် “ကိုစည်နှင့်မုန့်ဖိုးမက်လို့” နှစ်မျက်နှာကာတွန်း၊ မြန်မာတို့၏ အဆာပြေစာအတွက်ပါ စားနိုင်သည့် မုန့်ပဲသရေစာ အမျိုးမျိုးအကြောင်း ဗဟုသုတဖြစ်ဖွယ် တင်ဆက်ထားသည့် “ မြန်မာတို့၏ မုန့်ပဲသရေစာ” ဝတ္ထုကဏ္ဍ၊ မိုးပျံပူဖောင်းများစွာကို စနစ်တကျမကိုင်တတ်ခြင်းကြောင့် လူပါမိုးပျံပူဖောင်းနှင့်အတူ ပါသွားသည်ကို သရုပ်ဖော်ထားသည့် “ရွှေချည်ဇာနှင့်သူ့မောင်” တစ်မျက်နှာကာတွန်း၊ မြန်မာတို့၏ တန်ဆောင်တိုင် အချိန်အခါသမယတွင် ပြုလုပ်ကျင်းပလေ့ရှိသော ရိုးရာဓလေ့များအကြောင်းကို ဗဟုသုတဖြစ်ဖွယ် ရေးဖွဲ့ထားသည့် ဆရာမင်းနီခိုင် (မောင်တော)၏ “တန်ဆောင်တိုင်ည” ကဗျာကဏ္ဍအပါအဝင် ဉာဏ်စမ်းကဏ္ဍနှင့် အင်္ဂလိပ်သဒ္ဒါကဏ္ဍ စုံလင်စွာဖြင့် ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန်စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။




**သတင်းစဉ်**

## အုတ်တွင်းမြို့နယ်အတွင်း ကိုဗစ်-၁၉ မျိုးကွဲသစ် ကြိုတင်ကာကွယ်ရေး အသိပညာပေးနှိုးဆော်

**အုတ်တွင်း နိုဝင်ဘာ ၄**

